# အခန်း ၁
# အသင်းတော်ဆိုသည်မှာအဘယ်နည်း

## အသင်းတော်ကို ရှင်မဿဲ ၁၆း၁၃ -၂၀ တွင် ယေရှုခရစ်တော်က ပထမဦးစွာ ရှင်းလင်းဖော်ပြခဲ့သည်။

**"အသင်းတော်"** ဟူသော စကားလုံးသည် ဂရိဘာသာစကား "Ekklesia" မှ ဆင်းသက်လာပြီး **"သီးသန့်ခေါ်ယူသော လူအစုအဝေး"** ဟူ၍ အဓိပ္ပါယ်ရှိသည်။ ဂရိလူကြီးအချို့တို့ကို သူတို့၏ သက်ဆိုင်ရာမြို့များတွင် စီမံအုပ်ချုပ်ရန်အတွက် ရွေးချယ်ခေါ်ယူခံရခြင်းသဘောကို ယေရှုခရစ်တော်သည် "သူ၏ နာမတော်အတွက်" ဂျူးလူမျိုး၊ တစ်ပါးအမျိုးသားများအားဖြင့် သူ၏အသင်းတော်ကို တည်ဆောက်ခြင်းဖြစ်သည် (တ ၁၅း၁၄)။ အစတွင် ကမ္ဘာလောကအတွက် အသင်းတော်ဟူ၍ တစ်ခုတည်းရှိခဲ့ပြီး ယုံကြည်သူများဖြင့်ဖွဲ့စည်းကာ၊ အသင်းတော်အသီးသီးတို့သည် သခင်ယေရှုခရစ်တော်ကိုသာ အတူတကွ ကိုးကွယ်ကြသည်။

ကမ္ဘာလုံးနှင့်ဆိုင်သော စကားလုံးကို သမ္မာကျမ်းစာတွင် မတွေ့ရသော်လည်း စာရေးသူသည် ပင်တေကုတ္တေနေ့မှစ၍ ယနေ့ချိန်အထိ ယုံကြည်သူများ အသင်းတော်တွင်ရှိနေပြီး မည်သည့်ဂိုဏ်းဂဏကိုမျှ ရည်ညွှန်းခြင်းမပြုခဲ့ပါ။ တစ်ဖက်တွင်ဒေသန္တရအသင်းတော်များအကြောင်းကိုလည်း ဖော်ပြထားပါသည်။ ၎င်းသည် နေရာဒေသကိုလိုက်၍ ဖွဲ့စည်းတည်ထောင်သော အသင်းတော်ဖြစ်ပြီး၊ ကမ္ဘာလုံးဆိုင်ရာ အသင်းတော်ကို "ဘုရားသခင်၏ အသင်းတော်"ဟုလည်း ခေါ်ဆိုထားသည်။

အသင်းတော်ကို ဓမ္မဟောင်းကျမ်းတွင် မတွေ့ရဘဲ ရှင်ပေါလုကလည်း "အသစ်သောဖွင့်ပြခြင်း" ဟုခေါ်ဆိုသည်။ "ဘုရားသခင်သည် ဗျာဒိတ်တော်အားဖြင့် နက်နဲသောအရာကို ငါ့အားပြတော်မူ၏။ ထိုစကားကို ဖတ်ရွတ်လျှင် ခရစ်တော်၏ နက်နဲသောအရာ၌ ငါလေ့ကျက်သည်ကို သင်တို့သည် သိရကြမည်။ ထိုနက်နဲသောအရာကို သန့်ရှင်းသော တမန်တော်တို့နှင့် ပရောဖက်တို့အား ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်

လုစ်တော်မူသည်နည်းတူ၊ အခြားသောကာလတို့၌ လူမျိုးတို့အား ပြတော်မမူ" (ဧဖက် ၃း၃-၅)။

## သန့်ရှင်းသောဝိညာဉ်တော်နှင့် အသင်းတော်

ယေရှုသည် သူ၏ တပည့်တော်များထံသို့ သူသည် ကောင်းကင်သို့ မကြွမီ၊ ခမည်းတော်ထံ ဆုတောင်း၍ သူတို့နှင့်အတူရှိနေမည့် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်မည်ဟု ကတိပေးသည်။ ထိုအချိန်တွင် သူသည် တပည့်တော်တို့နှင့်အတူ ရှိနေခြင်းဖြစ်သည် (ယော ၇း၃၇-၃၉၊ ၁၄း၁၅-၁၈)။

ယေရှု၏ ဆုတောင်းချက်ကို ခမည်းတော်သည် နားညောင်း၍ ခရစ်တော်၏သေခြင်းမှ ထမြောက်ရာနေ့မှစ၍ ရက်(၅၀)ပြည့်သော ပင်တေကုတ္တေနေ့တွင် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ခဲ့သည်။ ထိုနေ့တွင် အသင်းတော် ပေါ်ပေါက်လာပြီး ယုံကြည်သူတိုင်းသည် တစ်ခုတည်းသော ခန္ဓာကိုယ်ဖြစ်သော အသင်းတော်၌ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူကြသည် (၁၊ ၁၂း၁၃)။ အသင်းတော်သည် ခန္ဓာကိုယ် သို့မဟုတ် သန့်ရှင်းသော ဗိမာန်တော်လည်းဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်အတွက်တည် ဆောက်ထားသော ယုံကြည်သူများ စုဝေးရာနေရာဖြစ်ပေသည် (ဧဖက် ၂း၁၉-၂၂)။

ထိုအသင်းတော်ကို "ကမ္ဘာလုံးဆိုင်ရာ အသင်းတော်"ဟု ကျွန်ုပ်တို့ခေါ်ဆိုကြသည်။ ၎င်းတွင် ယုံကြည်သူများပါဝင်ပြီး သူတို့သည် ကမ္ဘာအရပ်ရပ်ရှိ ဂျူးလူမျိုးများနှင့် တပါးအမျိုးသားတို့ဖြင့် ဖွဲ့စည်းထားသည်။ အများစုတို့သည် ကောင်းကင်ဘုံတွင်ရောက်နှင့်ကြပြီဖြစ်ပြီး၊ ခရစ်တော် ပြန်လည်ကြွလာသောအခါ (ယော၁၄း၁-၃)၊ လောကတွင်ရှိနေသော အသင်းတော်များကိုလည်း ကောင်းကင်ဘုံသို့ ပြန်လည်စုသိမ်းမည်ဖြစ်သည်။ (၁ သက်၄း၁၃-၁၈)။

**"ပင်တေကုတ္တေ"**ဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ ကိန်းအရေအတွက် "၅၀"ဟု အဓိပ္ပါယ်ရသည်။ ဤပွဲနေ့သည် ဓမ္မဟောင်းကျမ်းတွင် ကျင့်သုံးခဲ့သော ပွဲတော်ဖြစ်သည်။ မောရှေအားဖြင့် ပေးအပ်ခဲ့သော

ပညတ်တော်ကို ပြည့်စုံစေခြင်းဖြစ်သည်။ ဘုရားသခင် ဆင့်ဆိုခဲ့သော ပွဲတော်သည် ယေရှုခရစ်တော်အားဖြင့် ပြီးပြည့်စုံခဲ့သည် (ဝတ် ၂၃)။

## သခင်ယေရှု နှင့် သူ၏အသင်းတော်

မဿဲ ၁၆း၁၃-၁၆။ သခင်ယေရှုသည် သူ၏ တပည့်တော်များကို အရေးကြီးဆုံးသော မေးခွန်းတစ်ခုကို မေးမြန်းခဲ့သည်။ "လူများတို့သည် လူသားဖြစ်သော ငါ့ကို အဘယ်သူဖြစ်သည် ဆိုကြသနည်း"ဟူ၍ဖြစ်သည်။ တပည့်တော်တို့သည် အမျိုးမျိုးသော အဖြေများကိုပေးခဲ့သည်။ ရှင်ပေတရုကမူ "ကိုယ်တော်သည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်"ဟု မှန်ကန်စွာဖြေကြားခဲ့သည်။ ခမည်းတော်ဘုရားသည် ပေတရုကို ဖွင့်ပြတော်မူခြင်းဖြစ်၍ ခရစ်တော်ကို ယုံကြည်သူတိုင်းအတွက် ထိုသို့ဖွင့်ပြတော်မူခဲ့သည်။ (မဿဲ၁၁း ၂၅-၃၀ ကိုဖတ်ရန်)။

မဿဲ ၁၆း၁၃-၁၈၊ "ငါဆိုသည်ကား၊ သင်သည် ပေတရုဖြစ်၏။ (ဂရိဘာသာ "ပေတရု" ၏အဓိပ္ပါယ်မှာ သေးငယ်သောကျောက်ဟူ၏)၊ ဤကျောက်ပေါ်မှာ (ပယ်ထရာ - ကြီးမားခိုင်ခံ့သောကျောက် - ခရစ်တော်) ငါ့အသင်းတော်ကို ငါတည်ဆောက်မည်" ဟုဆိုသည်။ ဤနေရာတွင် သေးငယ်သော ကျောက် (ပေတရု)နှင့် ကြီးမားသောကျောက်တို့၏ ကွဲပြားမှုကို သတိပြုပါ။

ယေရှုခရစ်တော်သည် လူတို့အသက်တည်ရာ ကျောက်ဖြစ်သည် (၁ပေ၂း၆-၈)။ ယေရှုက "အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့်တူကြောင်းကို ငါပုံပြမည်" (မ ၇း၂၀-၂၉)။ ဘဝ မုန်တိုင်းကြောင့် ထိုအုတ်မြစ်မှ ချော်သွားရန် အကြောင်းမရှိပါ။

ယေရှုခရစ်တော်သည် လူတို့အသက်တည်ရာ ကျောက်ဖြစ်သည် (၁ပေ၂း၆-၈)။ ယေရှုက "အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့်တူကြောင်းကို ငါပုံပြမည်" (မ၇း၂၀-၂၉)။

**ရှင်မဿဲ ၁၆း၁၉** ။ တံခါးဖွင့်ရာသော့ကို ပေတရုအား အပ်ထားပြီး ကယ်တင်ခြင်းတံခါးကို ရည်ညွှန်းထားကာ ပထမတွင် ဂျူးလူမျိုးများ (တမန် ၂)၊ ထို့နောက်တွင် ရှမာရိလူမျိုးများ (တမန် ၈)နှင့် တစ်ပါးအမျိုးသားများ (တမန် ၁၀)တို့တွင် အသုံးပြုထားသည်။

**ရှင်မဿဲ ၄း၁၉။** ယေရှုသည် ပေတရုအား သူ့နောက်လိုက်ရန် ခေါ်တော်မူခဲ့သည်။ ယေရှုက "ငါ့နောက်သို့ လိုက်လော့၊ ငါသည် လူကိုမျှားသောတံငါသည်ဖြစ်စေမည်"ဟုဆိုသည်။ ကျွန်ုပ်တို့သည် သူ၏ခေါ်သံကို နာခံပါက သူသည်ကျွန်ုပ်တို့အတွက် အကြံအစည်ရှိနေပြီး၊ ဆုကျေးဇူးများကို ကောင်းမွန်စွာ အသုံးပြုပါက ပေတရုကဲ့သို့ ကျွန်ုပ်တို့၏ အသက်တာကို ဘုရားသခင်သည် အသုံးပြုသွားမည်ဖြစ်သည်။

**၁ ကော ၁၀း၃၂။** လူတွင် အမျိုးအစား သုံးခုရှိသည်။ သမ္မာကျမ်းစာတွင်၊ "သင်တို့လည်း ယုဒလူ၊ ဟေလသလူ၊ ဘုရားသခင်၏ အသင်းတော်ဝင်သူတို့၌ ထိမိ၍ လဲစရာအကြောင်းကို မပြုဘဲ"ဟု ဖော်ပြပါရှိသည်။ အသင်းတော်သည် ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားတို့အားဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ အကယ်၍ သင်သည် ဂျူးလူမျိုးမဟုတ်ခဲ့ပါက တစ်ပါးအမျိုးသားပင်ဖြစ်နေပါသည်။ အသင်းတော်သည် ခရစ်တော်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး၊ ယေရှုကို သုံးကြိမ်တိုင်တိုင် ငြင်းပယ်သော ပေတရုအပေါ်၌ တည်ဆောက်နေခြင်းမဟုတ်ပါ။ ရှင်ပေတရုကိုရှင်ပေါလုကလည်း ပြင်းပြင်းထန်ထန် ဆုံးမခဲ့ရသေးသည်။ (ဂလာ တိ ၂)။

**ပေတရုသည် ကောင်းကင်တံခါးသော့ကို မကိုင်ပါ-**
**ခရစ်တော်သာလျှင်တံခါးသော့ပိုင်ရှင်အစစ်အမှန်ဖြစ်သည်။**

## အသင်းတော်နှင့် ဣသရေလ

အသင်းတော်သည် မောရှေ၏ ပညတ်တရားအောက်တွင် မရှိပါ။ ထိုပညတ်တရားသည် ဣသရေလလူမျိုးတို့အတွက်သာ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အသင်းတော်သည် အသစ်သော ဖန်ဆင်းခြင်းနှင့် ကျေးဇူးတရားအောက်တွင်သာတည်နေသည် (၁ ကော ၅း၁၇၊ ဧ၂း၈-၁၀)။" အကြောင်းမူကား ပညတ်တရားတော်ကို မောရှေလက်တွင် ပေးတော်မူ၏။ ကျေးဇူးတရားနှင့် သစ္စာတရားမူကား ယေရှုခရစ်အားဖြင့် ဖြစ်သတည်း" (ယော ၁း၁၇)။

အသင်းတော်နှင့်ပတ်သက်ပြီး ယေရှုခရစ်တော်သည် မဿဲ ၁၆း၁၃-၁၉တွင် **"ငါ့အသင်းတော်ကို ငါတည်ဆောက်ခဲ့ပြီးပြီ"** ဟုမဆိုဘဲ၊ **"ငါ့အသင်းတော်ကို ငါတည်ဆောက်မည်"**ဟု ဆိုရာတွင် အနာဂတ်ကာလကို ညွှန်းဆိုခြင်းဖြစ်ကြောင်း သိမှတ်အပ်ပေသည်။

အသင်းတော်သည် ပင်တေကုတ္တေနေ့၊ ခရစ်တော် ရှင်ပြန်ထမြောက်အပြီး ရက်ပေါင်း ၅၀အကြာတွင် စတင်ပေါ်ပေါက်လာသည် (တ ၂)။ ထို့အပြင်ခရစ်တော်ပြန်လည်ကြွရောက်လာသောအချိန်တွင် ကောင်းကင်သို့ ချီဆောင်ခြင်းကိုခံရမည် (၁ သက် ၄း၁၃-၁၈)။ ဣသရေလလူတို့သည် ယုံကြည်ခြင်းကင်းမဲ့လျက် မိမိတို့တိုင်းပြည်ကို ပြန်လည်ကြပြီး၊ ယခုတွင် သူတို့အရပ်ရပ်သို့ ပြန့်ကျဲနေသည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော်နေလေပြီ။အသင်းတော် ချီဆောင်ခြင်းခံရပြီးတွင် "ယာကုပ်ခံရမည့်ဝေဒနာ" စတင်လာလိမ့်မည် (ယေရမိ ၃၀း၇)။ ယာကုပ်သည် ဣသရေလဖြစ်သည်။ ဣသရေလသည်အသိတရားရပြီး ဒူးထောက်လာသောအခါ ဘုရားသခင်ထံတော်သို့ ပြန်လာ၍ ဝိညာဉ်ရေးရာ တည်ဆောက်ခြင်း ခံရမည်ဖြစ်သည် (ဇာ ၁၂-၁၄၊ ရောမ ၉-၁၁)။ ဟေ၁၁ တွင် ဣသရေလလူမျိုးတို့၏ နောင်အနာဂတ်ကာလ တောက်ပကြောင်းကို ဖော်ပြပါ။

ယခုတွင် ဘုရားသခင်သည် ဂျူးလူမျိုးများနှင့် တစ်ပါးအမျိုးသားများဟူ၍ မသတ်မှတ်တော့ဘဲ အားလုံးတို့ကို အသင်းတော်၌ တစုတစည်းတည်း သတ်မှတ်သည်။

**မှတ်ချက်။** ဣသရေလလူမျိုးတို့သည် မောရှေ၏ ပညတ်တရားကို လိုက်နာခြင်းအားဖြင့် ခါနန်ပြည်ကို လောကီရေးရာ အမွေခံရာမြေ အဖြစ် ပိုင်ဆိုင်ရသည်။ အသင်းတော်သည် ကောင်းကင်နှင့်စပ်ဆိုင်သော အမွေခံရာ မြေအဖြစ်ရရှိခဲ့ပြီး ၎င်းသည် ယုံကြည်ခြင်းတစ်ခုတည်းပေါ်တွင် တည်မှီနေသည်။

ဣသရေလ လူမျိုးများနည်းတူ ဘုရားသခင် အသစ်ပြုပြင်သော ကမ္ဘာလုံးဆိုင်ရာ အသင်းတော်သည် ပင်တေကုတ္တေနေ့တွင် ဖြစ်တည်လာသည် (တမန် ၂)။ ခရစ်တော်၌ ကောင်းကင်ဘုံဌာနတော်ကို ကျေးဇူးတော်နှင့် ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့် ဝိညာဉ်ရေးအရ ပေးအပ်ထားကြောင်း တွေ့ရသည် (ဧဖ ၂း၁-၁၀၊ ၁ ပေ ၁း၃-၅)။

အသင်းတော်သည်ခရစ်တော်၏သတို့သမီးအပျိုကညာဖြစ်ပြီးခရစ်တော်၏ ကိုယ်ခန္ဓာလည်းဖြစ်သည် (၂ကော ၁၁း၂၊ ဧ ၁း၂၂-၂၃)။

**ဣသရေလသည်ဘုရားသခင်၏ ဖောက်ပြန်သော သတို့သမီး** ဖြစ်ပြီး ကတိသစ္စာပျက်နေသော်လည်း ခရစ်တော်ပြန်လည် ကြွလာသော အခါသူသည် တည်ဆောက်ခြင်းခံရမည်၊ "အိုဣသရေလအမျိုး၊ မယားသည် မိမိခင်ပွန်း၌ သစ္စာဖျက်သကဲ့သို့ အကယ်စင်စစ် သင်တို့သည် ငါ၌ သစ္စာဖျက်ကြပြီဟု ထာဝရဘုရား မိန့်တော်မူ၏" (ယေရမိ ၃း၂၀)။

အကြောင်းမူကားသင့်ကိုဖန်ဆင်းသောသူသည် သင်၏လင်ဖြစ်တော်မူ၏။ နာမတော်ကား ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရားတည်း။ သင့်ကို ရွေးချယ်သောသူသည် ဣသရေလအမျိုး၌ သန့်ရှင်းသော ဘုရားဖြစ်တော်မူသည်။ မြေကြီးတပြင်လုံးကို အစိုးရသော တရားဟူ၍ ခေါ်ကြရ၏။ စွန့်ပစ်၍ စိတ်ငြိုငြင်သော မိန်းမ၊ ငယ်စဉ်အခါ မယားဖြစ်၍ နောက်မှ ငြင်းပယ်သော မိန်းမကို တစ်ဖန်ခေါ်သကဲ့သို့ သင့်ကို ငါခေါ်မည်ဟု သင်၏ဘုရားသခင် မိန့်တော်မူ၏။ သင့်ကို ခဏသာ ငါစွန့်သည်ဖြစ်၍ များစွာသော ကရုဏာနှင့် ငါတစ်ဖန် သိမ်းဆည်းဦးမည်။ ပြင်းစွာသော အမျက်ထွက်၍ ငါခဏမျှ မျက်နှာလွှဲသော်လည်း ထာဝရမေတ္တာနှင့် သင့်ကို ကယ်မသနားဦးမည်ဟု သင့်ကို ရွေးနုတ်သော ထာဝရဘုရား မိန့်တော်မူသည်။ နောဧလက်ထက်၌ လွှမ်းမိုးသော ရေကို ငါသည်မှတ်၍

ထိုရေသည် မြေကြီးကို နောက်တစ်ဖန် မလွှမ်းမိုးရဟု ကျိန်ဆိုခြင်းကို ပြု သည်နည်းတူ၊ သင့်ကို အမျက်မထွက်၊ မဆုံးမဟု ကျိန်ဆိုခြင်းကိုပြုပြီ။" (ဟေရှာယ ၅၄း၅-၉)

**'နောက်ဆုံးသောအချိန်တွင် ဘုရားသခင်သည် ဣသရေလအမျိုးကို ပြန်လည်ကယ်တင်၍ တည်ဆောက်သွားမည်ဖြစ်သည်။ အနာဂတ်ကာလသည် အလွန်ကျက်သရေရှိလှသည်။' (ဇာခရိ ၁၂ မှ ၁၄၊ ရောမ ၉ မှ ၁၁)**

# အခန်း ၂
# ဒေသန္တရအသင်းတော်

ရှင်မဿဲ ၁၈း၁-၂၀ တွင် အသင်းတော် အကြောင်းကို ဆက်လက်၍ တွေ့ရသည်။

အသင်းတော်၌ သိုးတို့ကို သွန်သင်ခြင်းနှင့် ထိန်းကျောင်းခြင်းအမှုသည် ယေရှုခရစ်တော်၏ အဆိုတော်ဖြစ်ပြီး ရှင်ပေါလုကလည်း ဧဖက်အသင်းတော်ရှိ သင်းထောက်တို့အား ဆင့်ဆိုသော စကားဖြစ်သည်။ "ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှါသန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသော သိုးစုတစုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့။" (တမန်၂၀း၁၇ - ၃၆)။

သိုးတို့ကိုထိန်းကျောင်းခြင်းသည်အကျိုးကိုဖြစ်စေကြောင်း ရှင်ပေတရုက သင်းထောက်တို့အား ". . . သိုးထိန်းအကြီး ပေါ်ထွန်းတော်မူသောအခါ၊ သင်တို့သည် မညှိုးမနွမ်းတတ်သော ဘုန်းကြီးသော ပန်းဦးရစ်သရဖူကို ခံရကြလိမ့်မည်"ဟု (၁ပေ၊ ၅း၁-၅)ဟု တိုက်တွန်းထားသည်။

**ရှင်မဿဲ ၁၈း၁-၂၀** တွင် ယေရှုခရစ်တော်သည် တပည့်တော်တို့အား လောကီအသင်းတော် ဖြစ်ပေါ်လာမည့်အကြောင်းကို ကြိုတင်ပြင်ဆင်ထားစေခဲ့ကြောင်း တွေ့ရသည်။ သူသည်ပထမဆုံး အသင်းတော်ကို ရှင်မဿဲ ၁၈း၁၇ တွင် မိန့်ဆိုထားသည်။ သတိပြုရမည်မှာ တပည့်တော်တို့အား အသင်းတော်အကြောင်းကို ပြောဆိုရာတွင် အနာဂတ်ကာလနှင့်သက်ဆိုင်နေကြောင်း တွေ့ရသည်။ တမန်တော်ဝတ္ထုတွင် လူတို့သည် ကယ်တင်ခြင်းရရှိသောအခါ၊ အတူတကွ စုဝေးခြင်းအားဖြင့် အသင်းတော်ဖြစ်တည်လာသည် (တ ၂း၄၂၊၁၄း၂၃)။ ယုံကြည်သူတိုင်းသည် သမ္မာကျမ်းစာကို ယုံကြည်သော အသင်းတော်ဖြစ်အပ်သည်။ ယေရှုသည် သူ၏တပည့်တော်တို့အား သူ၏နာမတော်၌ စုဝေးစေရန်မိန့်မှာခဲ့သည် (မဿဲ ၁၈း၂၀)။

ဒေသန္တရအသင်းတော်သည် အဆောက်အဦးတစ်ခုမျှသာ မဟုတ်ဘဲ ထိုအဆောက်အဦးတွင် စည်းဝေးနေကြသော ယုံကြည်သူများကိုဆိုလိုသည်။ ယုံကြည်သူတိုင်းသည် အသင်းတော်၏ အသင်းသားများဖြစ်ကြပြီး ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သည် (ဧဖက်၁း၂၂-၂၃)။

## ဒေသန္တရ အသင်းတော်အကြောင်း သိမှတ်ဖွယ်ရာများ

**၁။ ရှင်မဿဲ၁၈း၁-၄။အသင်းသားတိုင်းသည်** အသက်တာ ပြောင်းလဲပြီးသူများဖြစ်ကြရမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ထံ၌ သူငယ်ကဲ့သို့ဖြစ်နေရန်လိုအပ်ပြီး မိမိကိုယ်ကို နှိမ့်ချကာ၊ မိမိအပြစ်ကိုလည်း ဝန်ခံ၍ ခရစ်တော်အား အပြစ်နွံမှ ကယ်တင်သောအရှင်အဖြစ် ယုံကြည်လက်ခံရမည်။ သူငယ်ကဲ့သို့ဖြစ်ပါက ဘုရားသခင်သည် အသစ်သောအမှုကိုပြု၍ အဆုံးထိတိုင် ပြုပေးမည် (ဖိလိပ္ပိ ၁း၆)။ ကျွန်ုပ်တို့သည် သင်ယူစရာ အများကြီး ရှိသကဲ့သို့၊ မသင်ယူသင့်သော လောကအရာများစွာလည်း ရှိသည်။

**၂။ ရှင်မဿဲ ၁၈း၅၊၁၅-၁၈။ အသင်းတော်သည် သခင်ဘုရား လက်ခံပြီးသော လူသားအားလုံးကို** လက်သင့်ခံရမည်။ သို့သော်လည်း သင်းကွဲမှုကိုဖြစ်စေသောသူတို့နှင့် ဇာတိသဘောဖြင့် အသက်ရှင်ပြီး နောင်တမရချင်သော သူတို့အား ငြင်းပယ်ရပါမည်။ ၎င်းသည် ဒေသန္တရ အသင်းတော်များ လိုက်နာသင့်သောအရာဖြစ်သည် (ရောမ ၁၆း၁၇-၁၈၊ တိတု ၃း၁၀-၁၁၊ ၁ကော၅း၁-၅)

**၃။ရှင်မဿဲ ၁၈း၆-၁၄။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားတော်ဖြစ်သောသူအပေါင်းတို့အား** ပြစ်မှားခြင်း၊ မှားယွင်းစေခြင်းများ မပြုမိရန် သတိထားအပ်ပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်နှစ်သက်သော အသက်တာဖြင့် အသက်ရှင်နိုင်ရန် လောကီသားတို့ရှေ့တွင် နှုတ်ထွက်စကားနှင့် အသက်တာအားဖြင့် ပုံသက်သေဖြစ်ရန် ကြိုးစားအသက်ရှင်အပ်ပေသည်။ အကြောင်းမှာ “ယေရှုခရစ်အားဖြင့် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထင်ရှားစေမည့် နေ့ရက်တိုင်အောင် မေတ္တာပါရမီ တိုးပွား၍ ပြည့်စုံမည်အကြောင်း” (ဖိလိပ္ပိ ၁း၁၀)ဟူ၍ ဖော်ပြပါရှိသည်။

ခရစ်တော်ယေရှုအား ပုံသက်သေပြခြင်းအားဖြင့်၊ "ငါ့ကို စေလွှတ်တော်မူသောသူသည် ငါနှင့်အတူရှိတော်မူ၏။ ငါ့ကို တကိုယ်တည်းနေစေခြင်းငှါ ခမည်းတော်သည် စွန့်ပစ်တော်မမူ။ အကြောင်းမူကား၊ နှစ်သက်တော်မူသော အမှုကို အစဉ်အပြတ် ငါပြုသည်ဟုမိန့်တော်မူ၏။" (ရှင်ယောဟန် ၈း၂၉)

**၄။ ရှင်မဿဲ ၁၈း၁၅-၁၈။ ဒေသန္တရအသင်းတော်သည် အပြစ်တရားကို အခွင့်မပေးဘဲ** သမ္မာကျမ်းစာ၏ သွန်သင်မှုတို့ကို လိုက်လျှောက်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် အသင်းတော်သည် စည်းကမ်းတင်းကြပ်ပိုင်ခွင့်ရှိသောကြောင့်ဖြစ်သည်။ အကယ်၍ ညီအစ်ကိုတစ်ယောက်သည် မှားယွင်းနေပါက သူ့အားတစ်ဦးချင်းတွေ့ဆုံပြီး အပြစ်ကို စွန့်လွှတ်နိုင်ရန် သွေးဆောင်ရမည်။ သူ၏ ပြစ်မှားသောအရာကို အများသူငှာမသိအောင် ထိန်းသိမ်းထားရပါမည်။ ဤအဆင့်တွင်မှ နာခံခြင်းမရှိပါက လူနှစ်ယောက်သုံးယောက်တို့သည် သူ့အား မေတ္တာဖြင့် ဖျန်ဖြေသောစကားကို ပြောဆိုရပါမည်။ ထိုသို့လုပ်ဆောင်ရာတွင် လူတို့သည် မှားတတ်သော လူများဖြစ်ကြောင်းနှင့် ပြန်လည်အပြစ်လွှတ်ဖို့ တောင်းပန်သင့်ကြောင်း အသိပေးရန် လိုအပ်သည် (ဂလာတိ ၆း၁)။ အကယ်၍ သူသည် နောင်တမရပါက အသင်းတော်သို့ တိုင်ကြား၍ အသင်းသားများမှ ဆုံးဖြတ်ချက်ချရမည်။ ဘုရားတရားနည်းလမ်း ကျကျလုပ်ဆောင်ပါက ထိုအမှုတို့ကို ကောင်းကင်ဘုံရှိ ဘုရားသခင်သည် သိမှတ်တော်မူ၍ နည်းလမ်းပြင်ဆင်ပေးမည် ဖြစ်သည်။

**၅။ ရှင်မဿဲ ၁၈း၁၉။ အသင်းတော်သည်** ယုံကြည်သူများ စိတ်သဘောတူညီမှုရှိနေမယ့် နေရာဖြစ်ရန်လိုအပ်သည်။ သဘောတူလျက် အတူလျှောက်လှမ်းပါက ဘုရားသခင်သည် ကောင်းကြီးပေး၍ ဆုတောင်းချက်များကိုလည်း နားညောင်းလာမည်ဖြစ်သည်။

**၆။ ရှင်မဿဲ ၁၈း၂၀။ ဒေသန္တရအသင်းတော်၏ အရိုးရှင်းဆုံးသောပုံစံ၊** ယေရှုက "အကြင်အရပ်၌ လူနှစ်ဦး သုံးဦးတို့သည် ငါ၏နာမကို ထောက်၍ စည်းဝေးကြ၏။ ထိုအရပ်၌ သူတို့အလယ်မှာ ငါရှိသည်ဟု မိန့်

တော်မူ၏။” ကျွန်ုပ်တို့သည် ယေရှုခရစ်တော်ကြောင့်သာ စုဝေးနေရခြင်း ဖြစ်ပြီး ခရစ်တော်သည်သာ ခပ်သိမ်းတို့၏ အရှင်ဖြစ်တော်မူ၏။

## ဒေသန္တရအသင်းတော်သည် တမူထူးခြားမှုရှိသည်

ဒေသန္တရအသင်းတော်တိုင်းသည်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီး ဘုရားသခင်နှင့်သာ သက်ဆိုင်နေရမည်။ ဗျာဒိတ်(၁)တွင် ယေရှုခရစ်တော် သည် ရွှေမီးခုံများကြားတွင် လှည့်လည်သွားလာနေပြီး အသင်းတော် ခုနစ် ပါးကို ညွှန်းဆိုခြင်းဖြစ်သည် (ဗျာဒိတ်ကျမ်း ၂ နှင့် ၃)။

**မှတ်ချက်**

**ယေရှုခရစ်တော်၏ ကောင်းကင်ဘုံသို့ တက်ကြွပြီးနောက်ပိုင်း ရှင်ပေါလုတို့သည် အသင်းတော်များ၏ ကြားဝင်စွက်ဖက်မှု အကြောင်းကိုမဖော်ပြပါ။ အသင်းတော်တိုင်းသည် ဘုရားသခင်နှင့်သာ တိုက်ရိုက်ပတ်သက်နေသည်။ အသင်းတော်တိုင်းသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ထောက်ပံ့ခွင့်နှင့် ကိုယ်ပိုင်ချဲ့ထွင်ခွင့်များရှိသည်။**

## သင်းဝင်ခြင်းဆိုင်ရာမူဝါဒ

အသင်းတော်တို့သည် ဘုရားသခင်၏ လူတို့ကို မေတ္တာဖြင့် ဂရုတစိုက်လက်ခံရမည်ဟု ဆိုရာတွင် (ရောမ ၁၄း၁၊၁၅း၇)၊ ၎င်းတို့သည် မှားယွင်းသော သွန်သင်ချက်များ သို့မဟုတ် လူတို့ယူဆောင်လာသော ပြဿနာ မျိုးစုံတို့အား လက်ခံသဘောတူခြင်းကို မဆိုလိုပေ။ အသင်းတော်တွင် သင်းထောက်တို့သည် သွန်သင်မှုများကိုပြု၍၊ အသစ်ရောက်လာသော ယုံကြည်သူတို့အား မှန်ကန်သော တရားများကို သွန်သင်နိုင်ဖို့ရန် သိုးထိန်းတို့သည် သတိချပ်အပ်ပေသည် (တိတု ၁း၅-၉)။

သမ္မာကျမ်းစာသွန်သင်သည်မှာ -

က။ မှန်ကန်သော ယုံကြည်ချက်နှင့် ဆန့်ကျင်သောအရာတို့ကို လွှဲရှောင်၍ သင်းကွဲစေနိုင်သောအရာတို့ကိုသတိပြုရမည် (ရောမ ၁၆း၁၇-၁၈)

ခ။ သီလမရှိသူ၊ သောက်စားမူးယစ်သူမှစ၍ မကောင်းသော မိဿဟာယဖွဲ့ခြင်းကို ရှောင်ရှားရပါမည်။ (၁ ကော၅း၉-၁၃)။

ဂ။ ဝိညာဉ်ရေးရာတွင် လဲကျစေနိုင်သည့် ကျင့်သုံးလိုက်နာမှုများကို တွန်းလှန်ရမည်။ ကျွန်ုပ်တို့သည် ပညတ်တရားအောက်မှ လွတ်မြောက်ပြီး ကျေးဇူးတော်အောက်၌ ရှိနေသူများဖြစ်သည်။ (ဂလာတိ၅း၁-၅)။

ဃ။ သင်းကွဲစေသောသူတို့အား နှစ်ကြိမ်သတိပေးသည့်နောက်တွင် မနာခံပါက နှင်ထုတ်ရပါမည်။ တစ်ကိုယ်ကောင်းဆန်သောသူ၊ မည်သို့မျှ သွန်သင်ခြင်းကို မလိုက်နာတတ်သူကို အရေးယူရမည်။ ထိုသူများသည် ပြဿနာကိုသာဖန်တီးတတ်သူများဖြစ်သည် (တိတု ၃း၁၀-၁၁)။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသင်းတော်များအား ကောင်းမွန်သောအသက်တာ၌ရှင်သန်ရန် သွန်သင်ပြီး၊ တမန်တော်များ သွန်သင်ခဲ့သောအရာတို့ကို ကိုင်စွဲရန် အားပေးသည်။ မှားယွင်းစေတတ်သူများနှင့် မကောင်းသောအကျင့်များအားလုံးကို အသင်းတော်မှ တွန်းလှန်တော်လှန်ရမည်ဟု ညွှန်ကြားထားသည်။

ကျွန်ုပ်တို့ကို လွတ်ခြင်းအခွင့်ရရှိရန်အတွက် ခေါ်ယူထားခြင်းဖြစ်သည်။ သမ္မာကျမ်းစာနှင့်ညီသောအမှန်တရားကို လွတ်လပ်စွာ လုပ်ဆောင်ခွင့်ရှိခြင်းဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တရားတော်နှင့် ဆန့်ကျင်အသော အရာဖြစ်သော လူတို့နှစ်သက်သည့် အရာကို လုပ်ဆောင်နိုင်သည့် အခွင့်မဟုတ်ပါ။ ယာဉ်မောင်းလိုင်စင်သည် ကားကို စိတ်ကြိုက်မောင်းနှင်ခွင့်ရသော လိုင်စင်ဖြစ်သော်လည်း လူတို့အသက်ကို ထိပါးခြိမ်းခြောက်နိုင်သည့် လမ်းပြောင်းပြန်မောင်းနှင်ခွင့်ရသော လိုင်စင်မဟုတ်လော။ ထို့အတူ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မထီမဲ့မြင်ပြုသော လွတ်လပ်ခြင်းဟူ၍ မရှိနိုင်ပါ။

**"ထို့ကြောင့် ညီအစ်ကိုတို့ ငါတို့နှုတ်ထွက်စကားအားဖြင့် ဖြစ်စေ၊ စာအား ဖြင့်ဖြစ်စေ သင်တို့သည် သင်ခဲ့ပြီးသော နည်းဥပဒေများကို တည်ကြည်လျက် ကိုင်ယူစွဲလမ်းကြလော့" (၂သက်၊၂း၁၅)**

# အခန်း ၃
# ဒေသန္တရအသင်းတော်များ၏ တာဝန်ဝတ္တရားများ
## ဒေသန္တရအသင်းတော်များ၏ လုပ်ငန်းသဘောသဘာဝ

တမန်တော်ဝတ္ထုတွင် ကနဦးခရစ်ယာန်များနှင့် အသင်းတော်များ၏ လုပ်ငန်းဆောင်တာအချို့ကို ဖော်ပြထားသည်။ ရှင်ပေါလု၊ ရှင်ယာကုပ်၊ ရှင်ပေတနှင့် ရှင်ယောဟန်တို့၏ ဩဝါဒတများတွင် ယုံကြည်သူများနှင့် အသင်းတော်များအတွက် ယုံကြည်အပ်သော အရာများနှင့် သန့်ရှင်းသောအသက်တာ ရှိနေရန် တိုက်တွန်းနှိုးဆော်ထားသည်။

ခမည်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်၍ အသင်းတော်ဖြစ်တည်လာသည်။ (တမန် ၂း၁-၄)၊ ထိုအချိန်တွင် ယေရုရှလင်မြို့၌ တပည့်တော်ပေါင်း ၁၂၀ ခန့်ရှိသည်။ ပေတရု၏ တရားဟောချက်အားဖြင့် လူပေါင်း ၃၀၀၀ ထပ်တိုးလာသည် (တမန် ၂း၄၀-၄၁)။

ဒေသန္တရအသင်းတော်များ စည်းဝေးရသည့် အကြောင်းတရားများမှာ

တမန်တော် ၂း၄၂၊ ကနဦး ယုံကြည်သူတို့သည် “တမန်တော်တို့၏ ဆုံးမဩဝါဒကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏။” ယေရုရှလင်ရှိ ယုံကြည်သူတို့သည် အောက်ပါအချက်လေးချက်ကို အစဉ်အပြတ် ဆောင်ရွက်ကြသည်။

**၁။ တမန်တော်တို့၏ ယုံကြည်ချက်တို့ကို သွန်သင်ပေးခြင်း။** တမန်တော်တို့သည် သူတို့အား သခင်ယေရှုသွန်သင်ထားသောအရာတို့ကိုသာ သွန်သင်ပေးခဲ့သည် (တမန် ၁း၁-၃)၊ တမန်တော်တို့အားဖြင့် ဖွင့်ပြသောအရာတို့ကို ဓမ္မသစ်ကျမ်းတွင်ရေးသားတွေ့ရှိရပြီး ယနေ့တွင် ကျွန်ုပ်တို့သည် သွန်သင်ရန်နှင့် နာခံရန်ဖြစ်သည် (တမန် ၁၆း၄)။

သမ္မာကျမ်းစာသည် ပြီးပြည့်စုံသောအရာဖြစ်ပြီး၊ မည်သည့်စကားလုံးကိုမျှ အပိုထည့်ခြင်း၊ နှုတ်ယူခြင်း မပြုအပ်ပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ကမ္ဘာပေါ်တွင် တစ်ခုတည်းသော ပြီးပြည့်စုံ၍ တိကျမှုရှိသည့် စာအုပ်ဖြစ်သည်။ (၁ကော၁၃း၈-၁၀၊ ယုဒ၃၊ ဗျာ၂၂း၁၈-၁၉)။

၂။ **အစည်းအဝေးပြုလုပ်ခြင်း။** ဆိုလိုသည်မှာ "ယုံကြည်သူများ အတူတကွ မိတ်သဟာရပြုခြင်း"ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင် ပေးသော အရာတို့ကို ယုံကြည်သက်ဝင်ခြင်းအားဖြင့် အတူတကွ တည် ဆောက်ရင်း ဝမ်းမြောက်ပျော်ရွှင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် အချင်းချင်း တစ်ယောက်ကို တစ်ယောက်ခွန်အားပေးလျက် လူ့ဘဝခရီးကို နှင်နေရန် ဖြစ်သည်။ ကျွန်ုပ်တို့ကို ထိုအမှုအတွက် ခေါ်ယူထားခြင်းဖြစ်ပြီး ဘုရား သခင်သည် အဆုံးထိစောင့်ရှောက်ပေးမည်ဖြစ်သည်။ (၁ကော ၁း၉၊ ၁၀း ၁၄-၁၆၊ ၁ယော ၁)။ ကျွန်ုပ်သည် မေတ္တာဖြင့် အချင်းချင်းဖေးမသော အသင်းအဖွဲ့ကို လိုအပ်ပေသည်။

၃။ **"မုန့်ကို ချိုးဖဲ့ခြင်း။"** သခင်ခရစ်တော် လှည့်စားခြင်းခံရသော ညတွင်သူ၏ တပည့်တော်တို့အား ဆင့်ဆိုခဲ့သည်မှာ သူ့ကို အောက်မေ့ သတိရမည်အကြောင်း မုန့်နှင့်စပျစ်ရည်ကို သုံးဆောင်ကြရန် (လုကာ ၂၂း ၁၄-၂၀၊ ၁ကော ၁၁း၂၃-၃၄)ဖြစ်သည်။ မုန့်သည် ကားတိုင်ပေါ်တွင် ချိုး ဖဲ့ခြင်း ခံရသော ခန္ဓာကိုယ်ကို အောက်မေ့စေဖို့ရန် ဖြစ်သည်။ ခွက်မှုကား ကျွန်ုပ်တို့၏ အပြစ်ဆေးကြောဖို့ရန် သွန်းလောင်းသော ခရစ်တော်၏ အသွေးတော်ကို ပုံဆောင်သည်။ အသွေးတော်အားဖြင့် ကယ်တင်ခြင်းကို ကျွန်ုပ်တို့ ရရှိကြသည် (ဧဖက် ၁း၇)။

ငင်းကို "ရက်သတ္တပတ်၏ ပထမဆုံးနေ့"တွင် လုပ်ဆောင်ရသည်။ ရှင်ပြန်ထမြောက်ရာနေ့တွင် (တမန်၂၀း၇၊ ၁ကော ၁၆း၁-၂)။ ဘုရားသခင် သည် ဖန်ဆင်းခြင်းကို ပထမနေ့တွင် အစပြုခဲ့ပြီး ဆဌမမြောက်နေ့တွင် ပြီးမြောက်ခဲ့သည်။ သခင်ယေရှု သက်တော်စွန့်ချိန်တွင် သူသည် "အမှုပြီး ပြီ" (ယော ၁၉း၃၀) ဟုမိန့်ဆိုခဲ့သည်။ သို့သော်လည်း ပထမနေ့ တနင်္ဂနွေ နေ့တွင် ထမြောက်လာသည်။ ယုံကြည်သူများသည် ဘုရားသခင်၏ အသစ်ပြုခြင်းခံရသော သူများဖြစ်သောကြောင့် တနင်္ဂနွေတွင် ဘုရား သခင်ကို ဝတ်ပြုကိုးကွယ်သင့်ပေသည်။ (၂ကော ၅း၁၇)

၄။ **ဆုတောင်းခြင်း။**အသင်းတော်သည် ဆုတောင်းခြင်းဖြင့် အစည်း အဝေးအစပြုပြီး (တမန်၁း၁၄၊ ၂း၁)၊ ဆက်အသက်ရှင်ရမည်ဖြစ်သည်။ (တမန် ၄း၂၃-၃၁၊ ၁၂း၁၂)။ အသင်းသားများ၏ လိုအပ်ချက်များနှင့်

အခြားသော လိုအပ်ချက်တို့ကို တောင်းလျှောက်နိုင်ရန်အတွက် အသင်းတော်တွင် ဆုတောင်းရမည့်အချိန်ကို ပြင်ဆင်ပေးရပါမည်။

၁တိ၂း၁-၃တွင် အသင်းတော်များ ကျင့်သုံးသင့်သော ဆုတောင်းခြင်းနည်းဥပဒေသများကိုတွေ့ရသည်။ ဆုတောင်းခြင်းအမျိုးအမည်တို့မှာ-

**အသနားခံခြင်း** - လိုအပ်မှုများကို တောင်းခံခြင်းအတွက် ဆုတောင်းခြင်းမျိုးဖြစ်သည်။

**ဆုတောင်းခြင်း** - ဘုရားသခင်ထံ ရိုသေခြင်းနှင့် ယုံကြည်ခြင်းဖြင့် တောင်းလျှောက်ခြင်းဖြစ်သည်။

**ကိုယ်စားတောင်းပန်းခြင်း**- အခြားသူများအတွက် ကိုယ်စားဆုတောင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် လွတ်လပ်စွာတောင်းဆိုခွင့်၊ အဖခမည်းတော်ကို ရင်းနှီးစွာတိုးဝင်ခွင့်ရရှိသည်။

**ကျေးဇူးတော်ချီးမွမ်းခြင်း**- တောင်းလျှောက်သည်ကို ရရှိခြင်းနှင့် အလိုပြည့်ခြင်း၊

**လူသားတိုင်းအတွက်** - ဘက်လိုက်မှုမရှိဘဲ အခြားသော ဘာသာဝင်တိုင်းအတွက် ဆုတောင်းပေးခြင်း။

**ဤအရာတို့သည် အသင်းတော်၏ အစည်းအဝေးများဖြစ်ပြီး မိသဟာယဖွဲ့ခြင်းကို အတူမျှဝေခံစားခြင်းဖြစ်သည်။**

## အသင်းတော်၏ အစည်းအဝေးများနှင့် အမျိုးသား၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ

**မုန့်ကိုချိုးဖဲ့ခြင်း သို့မဟုတ် ပွဲတော်မင်္ဂလာ။** ယေရှု၏ပွဲတော်မင်္ဂလာတွင် "ငါ့ကိုအောက်မေ့ စေခြင်းငှာပြုကြလော့"ဟု တပည့်တော်များကို မိန့်တော်မူခဲ့သည်။ ယေရှုသည် သူ့ခေတ်သူ့အခါတွင် အသုံးပြုသော စပျစ်ရည်နှင့်မုန့်ကို အသုံးပြုခဲ့သည်။ ထို့ကြောင့် ထိုအရာတို့သည် တိုင်းပြည်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားနိုင်ပါသည်။

**စပျစ်ရည်။** ၎င်းသည် ကစော်ဖောက်ထားသော ကနဦးယုံကြည်သူ ဂျူးလူမျိုးများသုံးဆောင်ရသော စပျစ်ရည်ဖြစ်သည်။ အချို့သော စပျစ်ရည်

ရရန် မလွယ်ကူသောနေရာများတွင် အခြားသော အရည်တစ်ခုခု အသုံးပြုရသည်။ ကင်ညာနိုင်ငံတွင် လက်ဖက်ခြောက်ကို အချိုဖြင့် ရောစပ်၍ ဝိုင်အစား သုံးဆောင်ကြသည်။

**မုန့်။** သခင်ယေရှုခေတ်တွင် အသုံးပြုခဲ့သော မုန့်ကို ရရှိရန် မလွယ်ကူတော့ပါ။ ဘုရားသခင်သည် သူ့ကို အောက်မေ့သောသူတို့၏ နှလုံးသားကိုကြည့်ရှု၊ ယေရှုခေတ်တွင် အသုံးပြုသော စပျစ်ရည်နှင့် မုန့်အစစ်တို့ကို ရရှိရန် မဖြစ်နိုင်တော့ပေ။ ထို့ကြောင့်၊ "မုန့်နှင့်ဝိုင်တို့သည် ယုံကြည်ခြင်းအားဖြင့် တည်စေသော ဘုရား သခင်၏ ကတိတော်"ဖြစ်သည်။

**ကိုးကွယ်ခြင်း။** မုန့်ကို ချိုးဖဲ့ခြင်းမပြုမီ ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်နိုင်ရန်ဆုတောင်းခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းဆိုခြင်းနှင့် ကျမ်းစကားတို့ကို ဖတ်ရှုလေ့လာခြင်းတို့ဖြင့် ဦးစွာအချိန်ယူပါ။

ထိုကိုးကွယ်ခြင်းကို သင်းထောက်များသာမက အသင်းသူ/သားမည်သူမဆို ဝင်ရောက်ပါဝင်နိုင်သည်။ ပရိသတ်အားလုံးတို့သည် ဘုရားသခင်ကိုကိုးကွယ်ရာတွင် ဂုဏ်တော်ချီးမွမ်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း၊ အာရုံပြုခြင်း သို့မဟုတ် နှုတ်ကပတ်တော်အားဖြင့် တိုက်တွန်းနှိုးဆော်ခြင်းတို့ကို ဝိညာဉ်တော်သွန်သင်သည့်အတိုင်း လွတ်လပ်စွာဦးဆောင်ခွင့်ရှိသည်။ ဝိညာဉ်တော်၏ ဦးဆောင်ခြင်းဆိုရာတွင် တစ်ဦးချင်း၏ ဆက်ကပ်မှုလည်း အထူးလိုအပ်ပေသည်။ ပါဝင်မှုတိုင်းတွင် အစီအစဉ်ကျခြင်း၊ အချိန်တိကျခြင်း၊ ပတ်ဝန်းကျင်နှင့် လျော်ညီမှုရှိခြင်း၊ ဘုရားသခင်၏ဘုန်းတော်ကို သက်သေပြုစေခြင်းနှင့် အသင်းတော်ကို ခွန်အားဖြစ်စေခြင်း စသည့်အချက်များကို အထူးဂရုပြုရပါမည်။

ယုံကြည်သူ အမျိုးသားတို့သည် အထက်တွင်ဖော်ပြထားသော အစည်းအဝေးကို ဦးဆောင်အပ်ပြီး၊ အမျိုးသမီးတို့၏ ကဏ္ဍတွင် အကန့်အသတ်ရှိပါသည်။ ထိုစည်းမျဉ်းများကို ၁ကော ၁၁ မှ ၁၄ နှင့် ၁ တိ ၂ တို့တွင် တွေ့ရသည်။

သမ္မာကျမ်းစာတွင် အမျိုးသားတို့သည် အစည်းအဝေး၌ ခေါင်းတွင် ပုဝါခြုံခြင်းမပြုဘဲ အမျိုးသမီးတို့မှာမူ ပုဝါကိုခြုံရသည်။ ထိုအကြောင်းကို ၁ ကော ၁၁း၁-၁၆ တွင် အောက်ပါအတိုင်း တွေ့ရသည်။

(က) ခရစ်တော်နှင့် ဘုရားသခင်သည် အမျိုးသမီးနှင့် အမျိုးသားတို့၏ ဦးခေါင်းဖြစ်ခြင်း။

(ခ) အမျိုးသားနှင့် အမျိုးသမီးတို့အား ဖန်ဆင်းခြင်းဖြစ်စဉ်။

(ဂ) ကောင်းကင်တမန်များသည် ဒေသန္တရ အသင်းတော်၏ အစီအစဉ်အတွက် စောင့်ကြည့်သူများဖြစ်သည်။

ကောရိန္တုသုမြို့သည် ယဉ်ကျေးမှုပေါင်းစုံရှိရာ ဆိပ်ကမ်းမြို့ဖြစ်ပြီး ယဉ်ကျေးမှု အများအပြားစုစည်းရာ နေရာဖြစ်သည်။ ရှင်ပေါလု သွန်သင်ခဲ့သော အချက်တို့သည် ကောရိန္တုသုမြို့သားတို့၏ ယဉ်ကျေးမှုမဟုတ်ကြောင်း၊ သို့သော်လည်း အားလုံးတို့သည် ဘုရားသခင် စီမံသည့်အတွက်ဖြစ်ကြောင်း သိထားသင့်သည်။ အချို့တို့သည် ဂျူးလူမျိုးတို့၏ ဆန့်ကျင်ဘက်ဖြစ်နေသည်။ ဂျူးလူမျိုးတို့သည် ဘုရားဝတ်ပြုရာတွင် လူယောကျ်ားတို့သည် ခေါင်းကိုအုပ်၍ မိန်းမတို့သည် ခေါင်းကို အုပ်မထားပါ။

## အမျိုးသားများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

နေအိမ်နှင့် အသင်းတော်တွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် ကွဲပြားမှုရှိသည်။ သို့သော်လည်း အမျိုးသမီးသည် အမျိုးသားများထက် နိမ့်ကျသည်မဟုတ်ဘဲ “ခရစ်တော်၌ တစ်တန်းတည်း” (ဂလာ တိ ၃း၂၈) ဖြစ်ကြသည်။ အမျိုးသမီးများတွင် ထူးခြားသောဆုကျေးဇူးများ နှင့် ဘုရားပေးသော အမှုတော်များရှိသည်။ တခါတရံ ဘုရားသခင်သည် ခေဗောရမှစ၍ လူများစွာကို ထူးခြားစွာ အသုံးပြု၍ ပရောဖက်ပြုအစေခံခိုင်းတတ်သည်။ (တန်း ၄း၄၅၊ တမန် ၂၁း၈-၉)

ဇနီးသည် ခင်ပွန်း၏ ဦးခေါင်းဖြစ်၍ သူမသည် အုပ်စိုးခြင်းကို ခံ၍၊ လင်ယောကျ်ားသည်လည်း မိမိမယားကို ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ ချစ်ရမည် (ဧဖက် ၅း၂၂-၃၃)။ ခင်ပွန်းသည် ဇနီးသည်၏ ယုံကြည်ခြင်းကို တည်ဆောက်ပေးရမည်ဖြစ်ပြီး သူမ၏ ဝတ္တရားကိုလည်း ကျေပွန်စေရန် ကူညီလမ်းပြရမည်ဖြစ်သည်။ ထို့အပြင် အသင်းတော်တွင် သူမ၏ဆုကျေးဇူးများကို အသုံးပြုတတ်ရန် ကူညီဆောင်ရွက်ပေးရမည်။ ခရစ်ယာန်အိမ်ထောင်သည် ချစ်ခြင်းမေတ္တာနှင့် စည်လုံး

ခြင်းကို ဖော်ဆောင်သော နေရာဖြစ်ရပါမည်။ မယုံကြည်သူများအကြား တွင် ပိုသက်သေကောင်းဖြစ်စေရန် အစဉ်သတိပြုရမည်ဖြစ်သည်။

**အသင်းတော်၏တံခါးများကို လောကီအတတ်ပညာနှင့်ယဉ်ကျေးမှု ကွဲပြားမှုအကြားတွင်ဖွင့်ထားကာ၊ သင်းထောက်များသည် သမ္မာကျမ်းစာ၏ သွန်သင်ချက်နှင့် မညီညွတ်သောအရာတို့ကို တွန်းလှန်ရမည်။ ယနေ့အချိန်တွင် လိင်တူလက်ထပ်ခြင်းနှင့် ကိုယ်ဝန်ဖျက်ချခြင်းဟူသော လောကအရာများက လွှမ်းမိုးလာကြသည်။ သမ္မာကျမ်းစာတွင် ဘုရားသခင်သည် ထိုသူတို့အတွက် တရားမျှတစွာ စီရင်မည်ဟု ဖော်ပြထားပါသည်။**

# အခန်း ၄
# ဒေသန္တရ အသင်းတော်များ၏ ဦးဆောင်မှု

ဤစာအုပ်ထဲတွင်"သင်းထောက်"၊ "ကြည့်ရှုသူ"၊ "အသင်းလူကြီး" နှင့် "ဆရာများ"ဟူ၍ အသုံးပြုထားပြီး ၎င်းတို့ကို သမ္မာကျမ်းစာတွင် ခေါင်းဆောင်များ၊ သိုးထိန်းများနှင့် အသင်းတော်၏ အမှုဆောင်များဟူ၍ ခေါ်ဝေါ်ထားသည်။ "ဘစ်ရှော့"၊ "ဘုန်းကြီး"၊ "ဖာသာ"၊ "သိက္ခာတော်ရ ဆရာ" သို့မဟုတ် "သင်းအုပ်"ဟူ၍ အသုံးမပြုရခြင်းမှာ အသင်းတော်ကို စီမံအုပ်ချုပ်ရန် လူတို့မှည့်ခေါ်သော ရာထူးဂုဏ်ပုဒ်များသာဖြစ်သော ကြောင့်ဖြစ်သည်။

ယခုတွင်မူ ကျွန်ုပ်တို့သည် ကျမ်းစာတွင် ဖော်ပြသည့် တမန်တော်တို့ သွန်သင်ခဲ့သော အရာများနှင့် ကနဦးအသင်းတော်များ၏ ကျင့်စဉ်များကို လေ့လာကြရမည်ဖြစ်သည်။ ခေတ်အဆက်ဆက် တိုးတက်ပြောင်းလဲလျက်ရှိသော ဂိုဏ်းဂဏများ၏ ကျင့်စဉ်တို့ကို လေ့လာမည်မဟုတ်ပါ။

**ဩစတြေးလျနှင့် အရှေ့အာဖရိကနိုင်ငံတို့တွင် အသင်းတော် တည်ဆောက်ခြင်းတွင် ကနဦး အသင်းတော်များ၏ ကျင့်စဉ်အတိုင်း ကျင့်သုံးခဲ့ရာ အောင်မြင်ကြောင်း ကျွန်ုပ်ကောင်းစွာ သိမြင်ရသည်။ ဘုရားသခင်၏ အမှုတော်သည် လူတို့ကြံစည်သော အရာတို့ထက် ပိုမိုကောင်းမွန်ကြောင်း မျက်မြင်သက်သေဖြစ်သည်။**

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဒေသန္တရအသင်းတော်များအား ဦးဆောင်မှုပြုခြင်း

ဓမ္မသစ်ကျမ်းရှိ အသင်းတော်များသည် ကိုယ်ပိုင်အုပ်ချုပ်သော အသင်းတော်များဖြစ်ပြီး ဘုရားသခင်နှင့်သာ တိုက်ရိုက်သက်ဆိုင်နေပါသည်။ ဗျာဒိတ်ကျမ်း ၁ တွင် သခင်ယေရှုသည် ရွှေမီးခွက်များကြားတွင် လှည့်လည် စကားပြောတော်မူ၍ အသင်းတော် ခုနစ်ပါးအကြောင်းကို အခန်း၂နှင့် ၃တို့တွင် အကုန်အစင် ဖော်ပြထားသည်။ ထိုအသင်းတော်တို့

သည် ခရစ်တော်တစ်ပါးတည်းနှင့်သာ သက်ဆိုင်နေသည်။ ရှင်ပေါလုသည် သူ၏ ဩဝါဒစာများကို အသင်းတော်တစ်ပါးချင်းအတွက် သီးသန့်ရေးသား ထားသည်။ တစ်ပါးနှင့်တစ်ပါး တစ်ထပ်တည်းကျသည်ဟု မရှုမြင်ပါ။ ဤ အရာသည် အရေးကြီးသော အချက်ဖြစ်သည်။

**ဧဖက် ၄း၁၁ တွင်ပါရှိသော ကနဦးအသင်းတော်အတွက် ဘုရားသခင်၏ အစီအစဉ်အကြောင်းကို သေချာမှတ်သားထားပါ။**

(၁) တမန်တော်များ - မာကု ၃း၁၄၊ တမန် ၂း၁၄၊ ဧဖက်၃း၁-၆
(၂) ပရောဖက်များ - တမန် ၁၁း၂၇-၃၀၊ ၁၃း၁-၃
(၃) သိုးထိန်းများ - ဧဖက် ၄း၁၁
(၄) ဆရာများ - တမန် ၁၃း၁

***“ယခုမူကား ဘုရားသခင်သည် အလိုတော်ရှိသည်အတိုင်း အင်္ဂါများ အသီးသီးတို့ကို ကိုယ်၌ စီရင်ခန့်ထားတော်မူ၏” (၁ကော၁၂း၁၈)***

(၁) တမန်တော်များ

မှားယွင်းသော တမန်တော်ကို သိရှိနိုင်ရန်အတွက် -

တမန်တော်ဟူသော ဝေါဟာရသည် “စေလွှတ်ခြင်းခံရသူ” ဟု အဓိပ္ပါယ်ဆောင်သည်။ ၎င်းတို့သည် -

၁။ ခရစ်တော်ကိုယ်တိုင် ရွေးချယ်၊ ခန့်ထားသောသူများ ဖြစ်သည်။ မာကု ၃း၁၃-၁၄
၂။ ခရစ်တော်သည် ‘တမန်တော်များ’ဟု မှည့်ခေါ်သည်။ လုကာ ၆း၁၂-၁၆
၃။ ခရစ်တော်၏ ပုံသက်သေကို ပြသဖို့ရန် စေလွှတ်ခြင်းခံရသူဖြစ် သည်။ ယောဟန် ၁၅း၂၆-၂၇
၄။ ဗတ္တိဇံခံယူချိန်မှစ၍ ကောင်းကင်သို့ ချီကြွသည့်အချိန်အထိ ခရစ် တော်နှင့်အတူ ရှိနေခြင်း - တမန် ၁း၂၁-၂၂
၅။ ခရစ်တော်ကို မြင်တွေ့ခဲ့ကြခြင်း - ၁ ကော ၉း၁

၆။ သူတို့အား အံ့ဩဖွယ်ရာ နိမိတ်လက္ခဏာများဖြင့် အသိအမှတ်ပြုခြင်း။

တမန်တော်များအားလုံးတို့သည် သခင်ဘုရားကို တွေ့မြင်ပြီးဖြစ်သည်။ ရှင်ပေါလု တစ်ဦးတည်းသာ ပြောင်းလဲနေစဉ်အတွင်း တွေ့ရခြင်းဖြစ်သည် (တမန် ၉)။

ယနေ့အချိန်တွင် သခင်ဘုရားကို မြင်တွေ့၍ တမန်တော်အဖြစ်သတ်မှတ်ခြင်းခံရသူ မရှိပါ။ သမ္မာကျမ်းစာတွင်၊ "ထိုသူတို့သည် မိစ္ဆာတမန်တော်ဖြစ်ကြ၏။ ခရစ်တော်၏ တမန်ဖြစ်ယောင်ဆောင်၍ လှည့်ဖြားတတ်သော အမှုစောင့်ဖြစ်ကြ၏။" (၂ကော ၁၁း၁၃)။ ဟုဖော်ပြပါရှိသည်။

တမန်တော်တို့သည် အသင်းတော်၏ အုတ်မြစ်ကို သူတို့၏ အသက်တာ (တမန်တော် ၂၀း၁၇-၃၀)နှင့် သွန်သင်ခြင်းအားဖြင့် (၁ကော ၃) ချမှတ်ခဲ့သည်။ သူတို့၏ သွန်သင်ချက်တို့သည် တမန်တော် ယုံကြည်ချက်ဖြစ်သည်။ "သူတို့သည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကို ဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏" (တမန် ၂း၄၂)။ "သူတို့သည် မြို့များကို ရောက်သွားစဉ်တွင် ယေရုရှလင်မြို့၌ နေသောတမန်တော်တို့နှင့် သင်းအုပ်တို့သည် စီရင်သော ပညတ်တို့ကို အသင်းများကျင့်စောင့်ဖို့ရာ အပ်ပေးကြ၏" (တမန် ၁၆း၄)။ ဤအရာတို့ကို ဘုရားသခင် မှုတ်သွင်းထားသော နှုတ်ကပတ်တော်ဖြစ်သည့် သမ္မာကျမ်းစာတွင် ရေးမှတ်ထားသည်။

## အုတ်မြစ်ချခြင်း

တမန်တော်များနှင့် ပရောဖက်တို့သည် အသင်းတော်၏ အခြေခံအုတ်မြစ် တည်နေချိန်တွင် ရှိနေကြသည်။ ၎င်းတို့ကို သခင်ဘုရားက သွန်သင်ပေး၍၊ ကောင်းကင်သို့ ကြွတော်မူသည့်နောက်တွင် တပည့်တော်များထံ ယုံကြည်ချက်တို့ကို ဖွင့်ပြပေးခဲ့သည်။ (၁ကော ၃း၉း၂၃၊ ဧဖက် ၂း၁၉-၂၀)။

**တမန်တော်များနှင့် သူတို့၏နိမိတ်လက္ခဏာများ၊ အနာရောဂါငြိမ်းစေခြင်းနှင့် အခြားသော ဘာသာစကားတို့သည် ယနေ့တွင် ကျွန်ုပ်တို့နှင့် အတူမရှိတော့ပါ။ ကျွန်ုပ်တို့တွင် သမ္မာကျမ်းစာရှိနေခြင်းကြောင့်ဖြစ်သည်။**

၁ ကော ၁၃း၈-၁၃ တွင် တွေ့ရသော "ပြည့်စုံခြင်း" သည် - ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆိုလိုသည်။ "ပြည့်စုံခြင်း"ဟူသည် လူသားကို ဆိုလိုခြင်းမဟုတ်ဘဲ တစ်စုံတစ်ခုကို ဆိုလိုသည်။ ကျမ်းစာသည် ယနေ့ခေတ်အတွက် တစ်ခုတည်းသော ပြည့်စုံခြင်းကို ဆိုလိုသည်။

ဆုကျေးဇူးများသည် အသင်းတော်၏ သာမန်လုပ်ရိုးလုပ်စဉ်တွင် အထူးလိုအပ်သည် မဟုတ်ပါ။ ၎င်းတို့သည် ယာယီသဘောများဖြစ်ကြပြီး၊ တမန်တော်များ၏သတင်းစကားတို့အား အတည်ပြုရန်နှင့် မှန်ကန်ကြောင်း သက်သေပြရန် ဘုရားသခင်အသုံးပြုသောအရာများဖြစ်သည်။ ၎င်းတို့အား အသုံးပြုခြင်းကို ၁ ကော ၁၄ တွင် ဖော်ပြထားသည်။ သို့သော်လည်း ယနေ့အချိန်တွင် နိမိတ်လက္ခဏာများနှင့် အနာရောဂါငြိမ်းစေခြင်းတို့သည် ဘုရားသခင်၏ စိတ်တော်ကိုတွေ့သော ဆုတောင်းခြင်းတို့တွင် တွေ့မြင်ရကြောင်းကိုမူ ငြင်းဆို၍မရပေ။

တမန်တော်တို့သည် သင်းထောက်များကို အသင်းတော်၏တာဝန်ကို ထမ်းဆောင်ရန် ခန့်ထားကြသည်။ တိမောသေနှင့် တိတုတို့ကိုလည်း ခန့်အပ်ထားသော သင်းထောက်များအား ကြည့်ရှုရန် တာဝန်ပေးထားသည်။ ယုံကြည်သူတို့သည် သူတို့၏ သင်းထောက်များကို သိမှတ်၍ ရိုသေလေးမြတ်ခြင်းရှိရန်ဖြစ်သည် (၁ သက် ၅း၁၂-၁၃)။ သူတို့၏အုပ်ချုပ်မှုကိုလည်း လက်ခံရမည် (၁ပေ ၅း၅)။

**တမန်တော်များသည်သူတို့၏အခွင့်အာဏာကို သင်းထောက်များ ထံသို့ လက်ဆင့်ကမ်းသည်။ အသင်းတော်တွင် သင်းထောက်များကို ရွေးချယ်ရန်ဖြစ်ပြီး၊ တမန်တော်များကို ရွေးချယ်ရန် ညွှန်ကြားခြင်းမရှိပါ။ - တမန် ၁၄း၂၃**

## (၂) ပရောဖက်များ

ပရောဖက်ပြုခြင်းသည် ဘိသိက်ခံရသော ပရောဖက်များအားဖြင့် ရောက်လာတတ်သည်။ ပရောဖက်ပြုခြင်းသည် ပုံမှန်အခြေအနေဖြင့် နားလည်၍ မရသောအရာများကို ဖွင့်ပြပြောဆိုခြင်းဖြစ်သည်။ လာမည့်ကာလအတွက် သတိပေးမှုများနှင့် ယုံကြည်ချက်တို့အတွက် ဖွင့်ပြမှုများ ပါဝင်နေသည်။ ၎င်း၏ရည်ရွယ်ချက်တွင် ယုံကြည်သူတို့အား တည်ဆောက်ခြင်း၊ နှိုးဆော်ခြင်းနှင့် နှစ်သိမ့်အားပေးခြင်းတို့ပါဝင်သည်။ (၁ ကော ၁၄း၁-၃)။

ပရောဖက်များသည် ဘုရားသခင်ထံမှ ရရှိသော တရားစကားတို့ကို ဟောပြောခဲ့ကြသည်။ ထိုကာလတွင် ယုံကြည်သူများထံ၌ သမ္မာကျမ်းစာ မရှိသေးပေ။ ဓမ္မဟောင်းကျမ်းလိပ်များသည် အလွန်ရှားပါးပြီး၊ တန်ဖိုးကြီးကာ ရရှိနိုင်ရန် မလွယ်ကူချေ။ ဓမ္မသစ်ကျမ်းကို ခရစ်တော် ရှင်ပြန်ထမြောက်ပြီး ကောင်းကင်သို့ ကြွတော်မူသည့်တိုင် ရေးသားပြုစုခြင်း မရှိသေးပေ။ ဗျာဒိတ်ကျမ်းကို ရှင်ယောဟန်က အေဒီ ၉၆ တွင်ရေးသားပြီးစီးခဲ့သည်။ ဘုရားသခင် ပေးအပ်သော သမ္မာကျမ်းစာကို ထပ်ပေါင်းခြင်း၊ နုတ်ယူခြင်းကို မည်သူကမျှ မပြုရပါ (ဗျာဒိတ်ကျမ်း ၂၂း၁၈-၁၉၊ ယုဒ၃)။

**ယနေ့တွင် သင်းထောက်များနှင့် ဆရာများသည် တမန်တော်များနှင့် ပရောဖက်များ၏ နေရာကို အစားထိုးထားသောကြောင့် တည်ဆောက်ခြင်း၊ နှိုးဆော်ခြင်းနှင့် နှစ်သိမ့်အားပေးခြင်းတို့ပြုကာ သမ္မာကျမ်း၏ အနှစ်သာရများကို သွန်သင်မှုပြုရပါမည်။**

(၃) သင်းထောက်များဟု ခေါ်သော သိုးထိန်းများ

အချို့ကျမ်းစာတွင် တွေ့ရသည့် "သင်းအုပ်"ဟူသော စကားလုံးသည် အမှန်အားဖြင့် "သိုးထိန်း" ဖြစ်သင့်ပါသည်။ သင်းထောက်များသည် သိုးထိန်းများဖြစ်ကြ၍ အသင်းတော်တိုင်းတွင် ရှိသင့်သည်။ "အကြံပေးနိုင်သော ဉာဏ်မရှိလျှင် ပြည်သားတို့သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူအများရှိလျှင်မူကား ဘေးလွတ်တတ်၏ (သုတ္တံကျမ်း ၁၁း၁၄)။ ရှင်ပေါလုသည် ဧဖက်အသင်းတော်ရှိ သင်းထောက်များနှင့် တွေ့ဆုံလိုကြောင်း ဖော်ပြထားသည်။ သင်းအုပ်များ၊ ဓမ္မအမှုတော်ဆောင်များ သို့မဟုတ် ဘစ်ရှော့များဟူ၍ မဖော်ပြပေ (တ၂၀း၁၇၊ ဖိ၁း၁)။ ထိုသင်းထောက်များထံသို့ ရှင်ပေါလုသည် "ထို့ကြောင့် သင်တို့သည် ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်းငှာ သန့်ရှင်းသော ဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့် ကြည့်ရှုကြလော့" (တမန် ၂၀း၂၈)။

## သင်းထောက်များ၏ အရည်အချင်း နှင့် ဝတ္တရားများ

"သင်းထောက်"ဟူသော စကားလုံးသည် ဝိညာဉ်ရေးရာ ရင့်ကျက်သောသူကို ဆိုလိုသည်။ သင်းထောက်များ၏ လုပ်ငန်းသည် "စောင့်ရှောက်ရန်"ဖြစ်ပြီး သိုးတို့ကို ထိန်းကျောင်းရန် ဖြစ်သည်။ ၎င်းတို့သည် ပြု

လုပ်ရသည့် ဝတ္တရားများဖြစ်ကြပြီး ရာထူးဂုဏ်ထူးမဟုတ်ခဲ့ပေ။ ဂရိဘာသာစကားတွင် သိုးထိန်းကို "သင်းအုပ်"ဟူ၍ ဘာသာပြန်ဆိုကြပြီး "ကြီးကြပ်သူ" ကို "ဘစ်ရှော့" ဟူ၍ အချို့ကျမ်းစာပြန်ဆိုမှုများတွင် တွေ့ရသည်။

ဤစကားလုံးများသည် အသင်းတော်ခေါင်းဆောင်များအတွက် ရာထူးအခေါ်အဝေါ်များသာဖြစ်၍ နှုတ်ကပတ်တော်နှင့် တိုက်ရိုက်ပတ်သက်ခြင်းမရှိပါ။ "ထိုအခါ ကိုယ်တော်သည် ထိုင်လျက် တကျိပ်နှစ်ပါးတို့ကိုခေါ်တော်မူ၍ အရင်အဦးဖြစ်လိုသောသူမည်သည်ကား၊ နောက်ဆုံးဖြစ်ရမည်။ အလုံးစုံတို့၏ အစေခံလည်းဖြစ်ရမည်ဟု မိန့်တော်မူ၏။" (ရှင်မာကု ၉း၃၅)။

## ဂုဏ်သိက္ခာနှင့်ဝတ္တရား

သင်းထောက်ဟူသော စကားလုံးသည် အသင်းတော်၏ ဂုဏ်သိက္ခာကို ရည်ညွှန်းသည်။

"စောင့်ရှောက်သူ" နှင့် "သိုးထိန်း" ဟူသည် အသင်းတော်၏ ဝတ္တရားဖြစ်ပေသည်။

သင်းထောက်များ၏ ဝတ္တရားများမှာ ယုံကြည်သူအသင်းဝင်များကို စောင့်ရှောက်ထိန်းသိမ်းရန်ဖြစ်သည်။

**စောင့်ရှောက်ခြင်းသည် အဝေးမှကြည့်ရှုခြင်းဖြစ်သည်။** "ကြည့်ရှုခြင်း" ဟူသည် ထင်သာမြင်သာသော နေရာမှ ရပ်တည်နေခြင်းနှင့် သိုးများကို ဂရုပြုခြင်းကို ဆိုလိုသည်။ ကောင်းသော စားကျက်၊ ရေနှင့် အခြားသော သားရိုင်းတိရစ္ဆာန်များ၏ နှောင့်ယှက်မှုရန်မှ ကာကွယ်ပြီး လုံခြုံရာနေရာကို ခေါ်ဆောင်ရန်ဖြစ်သည်။ သင်းထောက်တို့သည် သိုးတို့ကို လုံခြုံစွာထားရှိရမည်။ ၎င်းသည် "အဝေးမှ ကြည့်ရှုခြင်း"၏ သဘောတရားဖြစ်သည်။

**သိုးထိန်းဟူသည် အနီးကပ်ကြည့်ရှုခြင်းဖြစ်သည်။** "သိုးထိန်း"ဟူသော စကားလုံးတွင် ဘုရားသခင်ထံမှလာသော နှုတ်ကပတ်တော်အားဖြင့် သိုးတို့ကို ကျွေးမွေးရန်နှင့် အထူးဂရုပြုရန်ဖြစ်သည်။ ၎င်းသည် သိုးတို့ကို အနီးကပ်စောင့်ရှောက်ခြင်းဖြစ်သည်။ ၁ ပေ ၅း၁-၅၊ တ ၂၀း၂၈ နှင့်၊ ဆာလံကျမ်း ၂၃ တို့ကို အထူးသတိပြု ဆင်ခြင်အပ်ပေသည်။

"သင်းအုပ်"ဟူသော စကားလုံးကို ဧဖက် ၄း၁၁ မှ ထုတ်နှုတ်ထားခြင်းဖြစ်ပြီး "သိုးထိန်း"ဟူ၍ ပြန်ဆိုရပေမည်။ သင်းထောက်တို့သည်လည်း

သိုးထိန်းများဖြစ်ကြပြီး "သိုးများကြားတွင်" စနမူနာပြ ဦးဆောင်မှုပြုနေကြသည်။ ထို့ကြောင့် ရှင်ပေတရု၏ စကားကို မှတ်သားထားပါ-

"သင်တို့နှင့်အတူရှိသော ဘုရားသခင်၏ သိုးတော်စုကို ထိန်းခြင်းအမှုမှာ၊ အနိုင်ထိန်းရသောကြောင့်မဟုတ်၊ မစင်ကြယ်သော စီးပွားကို တပ်မက်သောကြောင့်မဟုတ်ဘဲ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့။ အသီးအသီးအုပ်သော အသင်းတော်တို့ကို အာဏာထား၍ အစိုးတရပြုသည်မဟုတ်ဘဲ သိုးတော်စုရှေ့မှာ ပုံသက်သေကို ပြသောသူဖြစ်ကြလော့။" (၁ပေ ၅း၂-၃)

ဤစကားလုံးများသည် ရာထူးဂုဏ်ပုဒ်အတွက် မဟုတ်ခဲ့ပါ။ ယေရှုက ရှင်မဿဲ ၂၃း၁-၁၂ တွင်၊ "သင်တို့မူကား အရှင်ဘုရားဟု ခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ ခရစ်တော်တည်းဟူသော သင်တို့ ဥပဇ္ဈာယ် ဆရာတစ်ပါးတည်းရှိ၏။ သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြ၏။ မြေကြီးပေါ်မှာ အဘယ်သူကိုမျှ အဘဟူ၍မခေါ်ဝေါ်ကြနှင့်။ ကောင်းကင်ဘုံ၌ သင်တို့အဘတပါးတည်းရှိတော်မူ၏။ သင်တို့တွင် အကြီးဖြစ်သောသူသည် သင်တို့အစေခံဖြစ်ရ၏။ အကြင်သူသည် မိမိကို ချီးမြှောက်အံ့၊ ထိုသူသည် နှိမ့်ချခြင်းသို့ ရောက်လတ္တံ့။" သင်းထောက်တို့သည် ပုံသက်သေအားဖြင့် ဦးဆောင်ရမည်ဖြစ်ပြီး အနိုင်အထက်မပြုရပါ။ ထိုနည်းအားဖြင့် သူတို့သည် အသင်းသားများ၏ ရိုသေလေးမြတ်ခြင်းကိုခံရပါမည်။ (၁ သက် ၅း၁၂-၁၃၊ ဟေဗြဲ ၁၃း၇၊၁၇)။

**သင်းထောက်သည် ဝိညာဉ်ရေးရာ ရင့်ကျက်သောသူဖြစ်၍ သူ၏တာဝန်မှာ သင်ကြားခြင်း၊ ကြည့်ရှုခြင်းနှင့် သိုးတို့အား စောင့်ရှောက်ရန်ဖြစ်သည်။**

## ကြည့်ရှုခြင်းအမှု၏ အရေးပါခြင်း

### တာဝန်ဝတ္တရားများ

ဒေသန္တရအသင်းတော်ကို ထိန်းသိမ်းရန်အတွက် အသင့်တော်ဆုံးသော အရေအတွက်မှာ သုံးဦး သို့မဟုတ် ထိုထက်ပိုသော အရေအတွက်ဖြစ်သည်။ သမ္မာကျမ်းစာသည် ၎င်းကို "သင်းအုပ်"ဟု အသုံးပြုသည် (၁တိ ၃း၁-၂)။ သင်းထောက်များသည် အသင်းသားများကို လမ်းညွှန်မှုကောင်းစွာ ပြုနိုင်ရန်အတွက် ဘုရားအမှုတော်၌ ပုံမှန်တွေ့ဆုံမှုပြုသင့်ပါသည်။ သင်းထောက်တစ်ဦးသည် အခြားသော လုပ်ဖော်ဆောင်ဖက် သင်းထောက်ကို နိုင်ထက်စီးနင်းမပြုရပါ။ အချင်းချင်းနှိမ့်ချစွာ တွေ့

ဆုံးစကားပြောရပါမည်။ အသင်းတော်သည် ဘုရားသခင် ဦးစီးဦးဆောင်ပြုတော်မူသောအရာဖြစ်သည်။

၁။ ကျမ်းစာနှင့်အညီ ဦးဆောင်မှုပြုနိုင်ရန်အတွက် သမ္မာကျမ်းစာကို သိကျွမ်းသော ဝိညာဉ်လူသည် မရှိမဖြစ်လိုအပ်ပြီး၊ ထိုဆုကျေးဇူးများကို အသုံးချတတ်သော သူများဖြစ်သင့်ပါသည်။

၂။ ခေါင်းဆောင်မှုတွင် တစ်ယောက်တည်းအပေါ် တည်းမှီနေခြင်းသည် - (က) ဆုကျေးဇူးကို ကန့်သတ်ရာ ရောက်တတ်သည်၊ (ခ) အသင်းတော် တည်ထောင်ခြင်းကို ကန့်သတ်ရာရောက်သည်၊ (ဂ) သင်းအုပ်အားထောက်ပံ့သည့် အလှူငွေများ ချို့နဲ့စေနိုင်သည်။

၃။ သင်းထောက် အရေအတွက်များပြားခြင်းသည် သိုးတို့၏ လိုအပ်ချက်တို့ကို ပိုမိုကူညီနိုင်ပါသည်။ သင်းထောက်တို့သည် ဘုရားသခင်ကို တောင်းလျှောက်သည့်အခါ သူ၏ ဆုတောင်းချက်တို့သည်လည်း အမှန်စင်စစ် ရောက်လာပေမည်။ "အကြံပေးနိုင်သော ဉာဏ်မရှိလျှင် ပြည်သားတို့သည် ရှုံးတတ်၏။ အကြံပေးနိုင်သောသူ အများရှိလျှင်မူကားဘေးလွတ်တတ်၏။" (သုတ္တံကျမ်း ၁၁း၁၄)။

**"သင်တို့သည် အထက်က လမ်းလွဲ၍ ပျောက်သော သိုးကဲ့သို့ဖြစ်ကြ၏။ ယခုမူကား သိုးထိန်းတည်းဟူသော သင်တို့၏ဝိညာဉ်တို့ကို အုပ်စိုးကြည့်ရှုတော်မူသော အရှင်ထံသို့ ပြန်ရောက်ကြပြီ"**
**(၁ ပေ ၂း၂၅)**

## သင်းထောက်များအား ငွေကြေးထောက်ပံ့ခြင်း

များသောအားဖြင့် သင်းထောက်တို့သည် မိမိစရိတ်ဖြင့် ထောက်ပံ့နေခြင်းဖြစ်ပြီး၊ နှုတ်ကပတ်တော်နှင့် ယုံကြည်ခြင်းတို့ သွန်သင်ပေးသူမှာမူ ချွင်းချက်ဖြစ်သည်။ သူတို့သည် အသင်းသားများအား ဝိညာဉ်အစာကျွေးမွေးနေကြသူများဖြစ်သည်။ ၎င်းတို့သည် "အလှူနှစ်ဆကို ခံထိုက်သောသူ" များဖြစ်၍ အသင်းတော်နှင့် ယုံကြည်သူများ၏ ပေးကမ်းခြင်းမှ ထောက်ပံ့ရပါသည် (၁ တိ ၅း၁၇)။

# အသင်းတော်လူကြီးများ

အသင်းတော်လူကြီး(အစေခံကိုဆိုလိုသည်)များအနေဖြင့် အသင်းတော်လုပ်ငန်းတွင် သင်းထောက်ကို အကူအညီပေးရသည်။ သင်းထောက်နှင့် အသင်းလူကြီးများ၏ အရည်အချင်းကို ၁ တိ ၃ နှင့် တိတု ၁ တို့တွင်

တွေ့ရသည်။ သူတို့သည် အသိုင်းအဝိုင်းနှင့် အသင်းတော်တွင် နာမည်ကောင်းရှိသူများဖြစ်ကြပြီး၊ ကောင်းမွန်စွာ ပြုသောသူ၊ မယားတစ်ယောက်တည်းသာ ရှိသောသူဖြစ်သည်။ သင်းထောက်နှင့် အသင်းလူကြီးတို့၏ ဇနီးများသည် ဘုရားတရား ကိုင်းရှိုင်းသူဖြစ်ရမည်။

**အသင်းတော်လူကြီးသည် သင်းထောက်ကို အသင်းတော်၏ လုပ်ငန်းတစ်ခုချင်းစီ၌ အဓိက ပံ့ပိုးသူဖြစ်သည်။**

## (၄) ဆရာများ

ယနေ့တွင် ထူးချွန်သော ဆရာများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကောင်းစွာသင်ကြားခံယူပြီး ပြန်လည်ဝေမျှကြသည်။ သူတို့သည် ဘုရားသခင်ကို စောင့်မျှော်နေ၍ နှုတ်ကပတ်တော်ကို ဆင်ခြင်ကြသည်။ ဘုရားသခင်၏ ဝိညာဉ်တော်သည် တို့၏ စိတ်နှလုံးတွင် အလုပ်လုပ်လျက် မိမိဖတ်သင့်၊ ဟောကြားသင့်သည်များကို ဖော်ပြနေပါသည်။ ဆရာများသည် ပရောဖက်များ၏ နေရာကို အစားထိုးနေကြပြီဖြစ်သည်။ သင်းထောက်များသည်လည်း သွန်သင်ခြင်းအမှုကို ပြုရမည်ဖြစ်သည်။ "ထို့ကြောင့် သင်းအုပ်သည် အပြစ်တင်ခွင့်နှင့် ကင်းလွတ်သောသူ၊ မယားတစ်ယောက်တည်း ရှိသောသူ၊ သမ္မာသတိရှိသောသူ၊ ဣန္ဒြေစောင့်သောသူ၊ လျောက်ပတ်စွာ ကျင့်သောသူ၊ ဧည့်သည်ဝတ်ကို ပြုတတ်သောသူ၊ ဆုံးမဩဝါဒပေးတတ်သောသူ ဖြစ်ရမည်" (၁ တိ ၃း၂)။

## ပွင့်လင်းမြင်သာရှိမှုနှင့်တာဝန်ခံမှု

**သမ္မာကျမ်းစာတွင် ငွေကြေးနှင့်ပတ်သက်ပြီး တင်းကျပ်စွာ သတိပေးသည်။** "ငွေကို တပ်မက်ခြင်းသည် မကောင်းသော အမှုအပေါင်းတို့တွင် မူလအမြစ်ဖြစ်သတည်း။ လူအချို့တို့သည် ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်းတရားလမ်းမှ လွဲသွား၍ ပူပန်ခြင်း ဝေဒနာများနှင့် ကိုယ်ကိုကိုယ် ထုတ်ခြင်းခပ်အောင် ထိုးကြပြီ။" (၁ တိ ၆း၁၀)။

**ငွေကြေးဟူသည် ပရိယာယ်များလှပြီး အသင်းတော် ရံပုံငွေများကိုပင် အလွဲသုံးစားခြင်း သို့မဟုတ် ခိုးယူခြင်းများလည်း ရှိတတ်သည်။** အလှူငွေများကို သင်းထောက် နှစ်ယောက် သို့မဟုတ် သုံးယောက်တို့က အနည်းဆုံး စိစစ်ရပြီး၊ ဘဏ်တွင် စနစ်တကျ ထားသိုရပါမည်။

သင်းထောက်များနှင့် အသင်းလူကြီးတို့သည် အချင်းချင်းတိုင်ပင်၍ မည်သည့် အခန်းကဏ္ဍတွင် အသုံးပြုသင့်ကြောင်းကို ဆုံးဖြတ်ရမည်။

**လူတို့ပေးအပ်ထားသော အလှူဘဏ္ဍာတို့ကို ဘုရားသခင်ထံသို့ ပေးလှူခြင်းဖြစ်သဖြင့် ကောင်းမွန်စွာ ထိန်းသိမ်းအပ်သည်။**

ရှင်ပေါလုသည် ယေရုရှလင်မြို့ရှိ ဆင်းရဲသားများအား ပေးအပ်မည့် အလှူငွေများအကြောင်း ရေးသားရာတွင်၊ "ငါတို့သည် ထိုများစွာသော အလှူကျေးဇူးကို ပြုစုရာတွင် အပြစ်တင်စရာအကြောင်း အလျှင်းမရှိစေခြင်းငှာ သတိပြုကြ၏။ သခင်ဘုရားရှေ့တော်၌မက လူတို့ရှေ့၌တင့်တယ် လျောက်ပတ်သောအကျင့်ကို ကြံစည်ကြ၏။ ထိုသူနှစ်ယောက်နှင့်အတူ အခြားသော ညီအစ်ကိုကိုလည်း စေလွှတ်ကြ၏။ ထိုညီမှုကား၊ ငါတို့သည် အရာရာ၌ အဖန်ဖန်စုံစမ်း၍ သိသည်အတိုင်း လုံ့လပြုသောသူဖြစ်၏။ ယခု၌ သင်တို့ကို အလွန်ယုံကြည်သောကြောင့် သာ၍လုံ့လပြု၏။" (၂ ကော ၈း၂၀-၂၂)။

**သင်းထောက်များနှင့် ဆရာများသည် အသင်းသားများအား မည်သည့်ကိစ္စမဆို ရိုးသားမှုကို အထူးသွန်သင်ရန် လိုအပ်သည်။**

# အခန်း ၅
# ဧဝံဂေလိပြုခြင်းနှင့် အသင်းတော်တည်ထောင်ခြင်း

သခင်ယေရှုကောင်းကင်သို့ မတက်ကြွမီတွင် သူ၏တပည့်တော်တို့အား၊ "ကောင်းကင်ဘုံ၌ဇင်း" မြေကြီးပေါ်၌ဇင်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည် သင်တို့အားပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" (ရှင်မဿဲ ၂၈း၁၈-၂၀)ဟုမိန့်တော်မူခဲ့သည်။

## တပည့်တော်ဖြစ်စေခြင်း

အထက်ပါ မဿဲ ၂၈း၁၈-၂၀ ကို မဟာစေခိုင်းချက်ဟုခေါ်သည်။ တမန်တော်ဝတ္ထုတွင် ပေတရု၊ ယောဟန်၊ သတေဖန်၊ ဖိလိပ္ပု၊ ဗာနဗ၊ ပေါလုနှင့် အခြားသော တမန်တော်တို့သည် သတင်းကောင်းကို ဟောကြားခဲ့ကြသည်။ လူအများအပြားပြောင်းလဲလာကြပြီး အသင်းတော်များစွာ တည်ထောင်လာခဲ့သည်။ ထိုနည်းစနစ်ကို ယနေ့အချိန်တွင် လိုက်နာရန် အထူးလိုအပ်သည်။ တပည့်တော်ဖြစ်စေခြင်းဟုဆိုရာတွင် အသစ်သော ယုံကြည်သူများအား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပါဝင်သည့်အရာများအား အကုန်အစင်သင်ကြားပေးခြင်းဖြစ်သည်။ တပည့်တော်ဟူသည် အထူးသွန်သင်လေ့ကျင့်ခြင်း ခံရသူဖြစ်ပြီး ဘုရားသခင်၏ အလိုကို လိုက်နာရန်နှင့် သင်ယူရန်အသင့်ရှိသူဖြစ်သည်။

တပည့်တော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် အထူးနားလည်မှုရှိပြီး မည်သည့်အခါ စွန့်ပယ်မည် မဟုတ်ပေ။ တပည့်တော်သည် သခင်ထံတွင် သစ္စာစောင့်သိ၍ အသင်းတော်နှင့် အမှုတော်လုပ်ငန်းများတွင် တာဝန်ကျေသောသူဖြစ်သည်။

## တပည့်တော်တို့သည်သန့်ရှင်းသောအသက်တာဖြင့်အသက်ရှင်ရမည်။

အကယ်၍ ဘုရားသခင်သည် ကျွန်ုပ်တို့အား အသုံးပြုလျှင် ကျွန်ုပ်တို့သည် သန့်ရှင်းသော အသက်တာကို ပိုင်ဆိုင်ရမည်။ သန့်ရှင်းခြင်းဟုဆိုရာတွင် ဘုရားသခင်အသုံးပြုရန်အတွက် သီးသန့်ရွေးချယ်ထား

သည်ဟုဆိုလိုသည်။ အပြစ်မှလည်းကောင်း၊ တစ်ကိုယ်ကောင်းဆန်ခြင်းမှလည်းကောင်း သီးသန့်ဖယ်ထားခြင်းခံရသူဖြစ်သည်။ တပည့်တော်သည်-

၁။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နေ့တိုင်း ဖတ်ရှုဆင်ခြင်သောသူဖြစ်သည်။ ကျမ်းစကားများကို စေ့စေ့တွေးကြည့်ပြီး မိမိအသက်တာ၌ ပြန်လည်အသုံးချခြင်းကို ဆိုလိုသည်။

၂။ ခရစ်တော်၌ သင်၏နေရာကို သိမှတ်ပါ။ "သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ငါတို့ အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ၊ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတ္တံ့" (ကောလောသဲ ၃း၃-၄)။ ခရစ်တော်၏ အသေခံခြင်းတွင် သင်သည်လည်းအတူ သေဆုံး၍၊ သူနှင့်အတူ ထမြောက်ပြီး။ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင်။ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခုရှင်သောအသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏" (ဂ ၂း၂၀)။ "တနည်းကား၊ အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ ထိုသခင်နှင့်အတူ ငါတို့သည် စိုက်ပျိုးလျက်ရှိသည်မှန်လျှင် တမြောက်တော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ စိုက်ပျိုးလျက်ရှိကြလိမ့်မည်။ ထိုမှတပါး၊ ငါတို့၏လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှ အပြစ်တရား၏ အစေကို မခံစေခြင်းငှာ အပြစ်တရား၏ ကိုယ်ကိုဖျက်ဆီးမည် အကြောင်းတည်း" (ရောမ ၆း၅-၆)။

## အလင်းတော်၌ လျှောက်လှမ်းခြင်း - တပည့်တော်များအား သွန်သင်ပါ

### ၁။ ခရစ်တော်နှင့်မဆက်ဆံမီသင်မည်သို့သောသူဖြစ်ခဲ့သနည်း?

သင်သည် ပြစ်မှားသောအခါ ၁ယော ၁ကိုဖတ်ပါ။ "ကိုယ်အပြစ်တို့ကို သော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင်သည် သစ္စာတရားနှင့် ဖြောင့်မတ်ခြင်းတရားနှင့်ရင်း ပြည့်စုံတော်မူ၏" (၁ ယောဟန် ၁း၉)။ သခင်ယေရှု၏

အသွေးတော်သည် လူတို့၏အပြစ်ကို ဆေးကြောတော်မူသည်။ ကျွန်ုပ်တို့သည် မိမိအပြစ်ကို ခွင့်လွှတ်လက်ခံတော်မူသော ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်ရန် ဆက်ကပ်ကြရမည်ဖြစ်သည်။

**၂။ ယုံကြည်သူများသည် အပြစ်ပြုတတ်သည်။**

ကျွန်ုပ်တို့သည် ပြည့်စုံခြင်းမရှိပါ။ ပြစ်တင်သောဝိညာဉ်၏ နှောင့်ယှက်ခြင်းကို မခံစားပါနှင့်။ သင်သည် ခွင့်လွှတ်ခြင်းခံရသောသူဖြစ်သည်။ နတ်ဆိုးသည် သူ၏ ခြေဖဝါးအောက်တွင် သင့်ကို ကျရှုံးစေလိုပါသည်။ စုံစမ်းနှောင့်ယှက်ခြင်းကို ကျော်လွှားနိုင်ရန်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို နှိမ့်ချစွာ တောင်းခံပါ။

**၃။ ယုံကြည်ခြင်းအားဖြင့်လိုက်လျှောက်တတ်ရန်လေ့ကျင့်ပါ။** ခံစားချက်ကို ဦးစားမပေးပါနှင့်။ အလင်း၌ လျှောက်လှမ်းခြင်းဟုဆိုရာတွင် သင်နှင့် ဘုရားသခင်အကြားတွင် မည်သည့်အပြစ်မျှ မရှိတော့ခြင်းဖြစ်သည်။ “ငါတို့သည်ဘုရားသခင်နှင့် မိဿဟာယဖွဲ့ပြီဟုဆိုလျက်ပင်၊ မှောင်မိုက်၌ ကျင်လည်လျှင်၊ သစ္စာတရားကို မကျင့်၊ မုသာကိုသုံးသောသူဖြစ်ကြ၏။ ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ အချင်းချင်းမိဿဟာယဖွဲ့ခြင်းရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏” (၁ယော ၁း၆-၇) သင်သည်အလင်းအောက်၌ တည်နေလျှင် သင်သည်အမှောင်ကို ကြောက်စရာမလိုပေ။ အကယ်၍ ကျွန်ုပ်တို့သည် ခရစ်တော်၏ အလင်းတည်းဟူသော မေတ္တာနှင့် ဖြောင့်မတ်ခြင်းတရား၌ လိုက်လျှောက်လျှင် သူနှင့်လည်းကောင်း၊ ယုံကြည်သူများနှင့်လည်းကောင်း မိဿဟာယဖွဲ့နေခြင်းဖြစ်သည်။ အလင်းမှ လမ်းလွဲနေလျှင် ပျော် ရွှင်မှုကိုဆုံးရှုံးပြီး ပတ်ဝန်းကျင်ရှိ လူတို့အတွက် ပြဿနာများစွာဆောင် ကြဉ်းသူဖြစ်လာနိုင်ပါသည်။

**၄။ သက်သေခံတတ်ရန်သင်ယူပါ။**

ကျွန်ုပ်တို့သည် ခရစ်ယာန်မဟုတ်သောသူတို့ထံသို့ သက်သေခံရန် သင်ယူဖို့လိုအပ်ပြီး၊ လူတို့အပြစ်မှ သခင်ယေရှုမည်သို့ ကယ်တင်ကြောင်းကို ဝေငှ လိုအပ်သည်။ သင်သည် မည်ကဲ့သို့ ယုံကြည်သူဖြစ်လာကြောင်းကိုလည်း သက်သေခံတတ်ရန်လိုအပ်သည်။ “စိတ်နှလုံးထဲ၌ ထာဝရအရှင် ဘုရားသခင်ကို ရိုသေခြင်း ရှိကြလော့။ သင်တို့မြော်လင့်ခြင်း၏ အကြောင်းကို မေးမြန်းသောသူ ရှိသမျှတို့အား နူးညံ့သောသဘော၊

ကြောက်ရွံ့သော သဘောနှင့် ပြန်ပြောခြင်းငှာ၊ ကာလအစဉ်မပြတ် အသင့်ရှိနေကြလော့” (၁ ပေ ၃း၁၅)။

နှုတ်ကပတ်တော်အကြောင်းကိုလည်း သိရှိရန်လိုအပ်သည်၊ “စင်ကြယ်သောဩဝါဒအားဖြင့် တိုက်တွန်းသွေးဆောင်ခြင်းငှာရင်း၊ ငြင်းခုံသောသူတို့၏ စကားကို ချေခြင်းငှာရင်း တတ်နိုင်မည်အကြောင်း၊ ကိုယ်တိုင်သင်ပြီးသော သစ္စာစကားတော်ကို အမြဲစွဲလမ်းသောသူဖြစ်ရမည်” (တိတု ၁း၉)။

ခရစ်ယာန်တိုင်းသည် သတင်းကောင်းကို အသက်ရှင်ခြင်းအားဖြင့် ပြသရန် တာဝန်တာရှိနေပြီး သခင်ယေရှု၏ ကယ်တင်ခြင်းသတင်းကောင်းကို ပြောကြားသမျှသော အခွင့်အရေးများကို အသုံးချတတ်ရမည်။ ထိုအဖြစ်ကို သက်သာလောနိ ယုံကြည်သူများ၏ အသက်တာတွင်တွေ့ရသည်။ သင်တို့ထံမှ သခင်ဘုရား၏ နှုတ်ကပတ်တော်အသံသည် အာခါယ သို့နည်းဟူမူကား၊ သင်တို့ထံက၊ သခင်ဘုရား၏ နှုတ်ကပတ်တရားတော် အသံသည် မာကေဒေါနိပြည်၊ အာခါယပြည်၌ ကျော်စောသည်သာမက၊ ဘုရားသခင်ကို သင်တို့ယုံကြည်ခြင်း၏ သိတင်းသည်အရပ်ရပ်တို့၌ နှံ့ပြားလေ၏. . .။” (၁သက် ၁း၈-၁၀)

## ဗတ္တိဇံအကြောင်း သွန်သင်ခြင်း

သခင်ယေရှုသည် တပည့်တော်များအား ဗတ္တိဇံမင်္ဂလာခံယူရန် သွန်သင်ခဲ့သည်။ အဓိပ္ပါယ်မှာ “နစ်မြုပ်ခြင်း”ဖြစ်ပြီး ရေပမာဏ အများအပြားလိုအပ်နိုင်သည်။ အကြောင်းမှာ ဗတ္တိဇံခံယူရာတွင် ခရစ်တော်၏ အသေခံခြင်း၊ သင်္ဂြိုလ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၊ အသစ်သောအသက်တာကို ရည်ညွှန်းသည် (ရောမ ၆)။ ဗတ္တိဇံဟူသည် လုံးလုံးနစ်မြုပ်ခြင်းကို ဆိုလိုသည်။ ကလေးငယ်များ သို့မဟုတ် အသက်ကြီးသူတို့အား ရေဖြန်းခြင်းသွန်သင်ချက်ကိုမူ သမ္မာကျမ်းစာတွင် မတွေ့ရပေ။ (ယောဟန် ၃း၂၃၊ တမန်တော် ၈း၃၆-၃၉)။

တမန်တော်ဝတ္ထုကို ဖတ်ရှုပါက ယုံကြည်သူတိုင်းသည် ယုံကြည်ခြင်း၌ ဗတ္တိဇံခံယူထားကြောင်း တွေ့ရသည်။ “ထိုသို့ လမ်း၌ သွားကြစဉ် ရေရှိရာသို့ရောက်၍၊ အမတ်ကလည်း ဤအရပ်တွင် ရေရှိပါ၏။ အကျွန်ုပ်ကို ဗတ္တိဇံမခံစေခြင်းငှာ မည်သည့်အကြောင်းဆီးတားပါသနည်းဟု ပြောဆိုလျှင်၊ ဖိလိပ္ပုက၊ သင်သည် စိတ်နှလုံးအကြွင်းမဲ့ယုံကြည်လျှင် ခံရသည်

ဟု ဆိုလေ၏။ အမတ်ကလည်း၊ ယေရှုခရစ်သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်းကို အကျွန်ုပ်ယုံကြည်ပါသည်ဟု ဝန်ခံ၍. . . ” (တ ၈း၃၆-၃၇)

ကျွန်ုပ်တို့သည် ခမည်းတော်၊သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏နာမ၌ ဗတ္တိဇံခံယူရမည်။ ဤအချက်သည် သုံးပါးတစ်ဆူဖြစ်ခြင်း၏ အမှန်တရားကို ဖော်ပြသည်။ “အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏” (က ၁း၁)။ သုံးပါးတစ်ဆူဖြစ်ခြင်းသည် ဟေဗြဲစကားလုံးဖြစ်သော 'elohim' တွင် တွေ့ရသည်။ ဤစကားလုံးသည် အများကိန်းဖြစ်ပြီး အမှန်တရားကိုဖော်ပြနေသည်။ “တဖန် ဘုရားသခင်က၊ ငါတို့ပုံသဏ္ဍာန်နှင့်တညီ တသဏ္ဍာန်တည်းလူကို ဖန်ဆင်းကြစို့” (က ၁း၂၆)။ ယေရှုက “ငါ့ကိုမြင်တွေ့သောသူသည် ခမည်းတော်ကို မြင်ဖူးပြီ”ဟုဆိုသည်။ ယေရှုခရစ်၏ ဗတ္တိဇံခံယူချိန်တွင် သုံးပါးတစ်ဆူသဘောကို တွေ့ရပြီး၊ သားတော်ယေရှုအပေါ်တွင် ဝိညာဉ်တော်သည် ချိုးငှက်အသွင်ဆင်းသက်၍ ခမည်းတော်၏ အသံတော်ကို ကြားရပါသည် (မဿဲ ၃း၁၃-၁၇)။

## သူတို့အား ခပ်သိမ်းသောအရာကို သွန်သင်ခြင်း

ကျွန်ုပ်တို့သည် တမန်တော်များနည်းတူ အသစ်သော ယုံကြည်သူတို့အား သွန်သင်ရမည်။ “ထိုသူများသည် တမန်တော်တို့၏ ဆုံးမသြဝါဒကို ခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏။” (တ ၂း၄၂)။ ကျွန်ုပ်တို့သည် ယုံကြည်သူများကို အောက်ပါအချက်များအား သွန်သင်ရမည်ဖြစ်သည်။

က။ တမန်တော်များ၏အဆုံးအမများကို လိုက်နာကြရန်၊

ခ။ အခြားသော ယုံကြည်သူများနှင့် မိတ်သဟာယပြုရန်၊

ဂ။ ပွဲတော်မင်္ဂလာကိုခံယူစေရန်၊

ဃ။ ဆုတောင်းပဌနာပြုရန် စည်းဝေးခြင်းပြုရန်။

## အသင်းတော် တည်ထောင်ခြင်း

သခင်ခရစ်တော်သည် အသင်းတော်ကို ပြင်ဆင်ခဲ့ပြီးဖြစ်သည် (မဿဲ ၁၆ နှင့် ၁၈)။ သူသည် ဥပုသ်နေ့တိုင်းတွင် ယုံကြည်သူများ စုဝေးကြရန် ဘုရားသခင် အလိုတော်ရှိသည်။ ကျွန်ုပ်တို့သည် အခြားသူများကို ခရစ်တော်ထံသို့ ပို့ဆောင်သောအခါ နာမတော်အားဖြင့် စုရုံးစေရပြီး (ရှင်မဿဲ ၁၈း၂၀)၊ သမ္မာကျမ်းစာလာသည်အတိုင်း သွန်သင်မှုများကို ပြုရပါမည်။

ယေရှုခရစ်တော် မှာကြားခဲ့သည်ကို သတိရပါ။ "ငါသည် ကပ်ကမ္ဘာကုန်သည်တိုင် သင်တို့နှင့်အတူ ရှိတော်မူမည်"ဟုဆိုသည်။ သင်သည် ဆုတောင်းခြင်းအားဖြင့် စောင့်နေပါက သူသည် သင်နှင့်အတူ အစဉ်အမြဲရှိနေလျက်၊ သင်လိုက်လျှောက်ရမည့် လမ်းခရီးကို ပြင်ဆင်ပေးနေပါသည်။

**ဘုရားသခင်သည် သူ၏ နှုတ်ကပတ်တော်အလင်း၌ သင့်အား ကောင်းစွာ စောင်မလျက် ကျေးဇူးပြုပါစေ။**

# အခန်း ၆
# သခင်ခရစ်တော် ပြန်လည်ကြွလာခြင်း

ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းသည် ကျမ်းစာ၏ အထူးခြားဆုံးသော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထိုအရာသည် တစ်ခဏချင်းတွင် ဖြစ်ပျက်မည်ဖြစ်ပြီး သူ၏ ဘုန်းတန်ခိုးတော်ကို ထင်ရှားစေမည်။ ဤအကြောင်းသည် ကျွန်ုပ်တို့အသက်ရှင်ရခြင်း၏ အကြောင်းဖြစ်သည်။ ထိုအရာသည် ကျွန်ုပ်တို့အား တည်ကြည်နေစေရန် တွန်းအားပေးနေပါသည်။

". . . ငါတို့ကိုဆုံးမသွန်သင်၍ လူအပေါင်းတို့ကို ကယ်တင်တတ်သော ဘုရားသခင်၏ ကျေးဇူးတော်သည် ထင်ရှားပေါ်ထွန်းလျက်ရှိ၏။ ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသော ဒုစရိုက်မှ ငါတို့ကို ရွေးနုတ်ခြင်းငှာ၎င်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသော အမျိုးကို မိမိအဘို့စင်ကြယ်စေခြင်းငှာ၎င်း၊ ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ" တိတု ၂း၁၃(ချ-၁၄)။

ကျွန်ုပ်တို့သည် ကောင်းကင်နိုင်ငံအတွက်၊ "ငါတို့ကျင့်သော အကျင့်မူကား၊ ကောင်းကင်ဘုံနှင့် စပ်ဆိုင်လျက်ရှိ၏။ ကယ်တင်မူသော အရှင်သခင်ယေရှုခရစ်သည် ကောင်းကင်ဘုံမှ ကြွလာတော်မူမည်ဟုငါတို့သည် မြော်လင့်လျက်နေကြ၏။ ထိုသခင်သည် ခပ်သိမ်းသောအရာကိုပင် မိမိအောက်၌ နှိမ့်ချနိုင်တော်မူသော ပြုပြင်အားထုတ်ခြင်းအားဖြင့် ယုတ်ညံ့သော ငါတို့၏ ကိုယ်ခန္ဓာကိုပင်၊ ဘုန်းအသရေနှင့်ပြည့်စုံသော ကိုယ်ခန္ဓာတော်၏ နည်းတူဖြစ်စေခြင်းငှာ အသစ်ပြင်ဆင်တော်မူလတ္တံ့" (ဖိလိပ္ပိ ၃း၂၀-၂၁)။

ကျွန်ုပ်တို့သည် ခရစ်တော်နှင့် အလားတူစေရန်၊ "ချစ်သူတို့၊ ယခုတွင် ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ နောက်မှ အဘယ်သို့သောသူဖြစ်မည်ဟု မထင်ရှားသေး။ သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ် ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့် တူကြလတံ့ဟု ငါတို့သိကြ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည် အတိုင်းကို ငါတို့သည် မြင်ရကြလတံ့" (၁ယောဟန် ၃း၂)။

## ခရစ်တော်သည် သူ၏လူတို့အတွက် ကြွလာလိမ့်မည်။

ဤအရာကို သခင်ယေရှု သွန်သင်ပြီးဖြစ်သည်။ "သင်တို့ စိတ်နှလုံး ပူပန်ခြင်းမရှိစေနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း

ယုံကြည်ကြလော့။ ငါ့အဘ၏အိမ်တော်၌ နေစရာအခန်းအများရှိ၏။ သို့မဟုတ်လျှင် မဟုတ်ကြောင်းကို သင်တို့အား ငါမပြောဘဲ မနေ။ သင်တို့နေစရာအရပ်ကို ပြင်ဆင်ခြင်းငှာ ငါသွားရ၏။ ငါသည်သွား၍ သင်တို့နေစရာအရပ်ကို ပြင်ဆင်ပြီးမှ တဖန်လာပြန်၍ ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှာ သင်တို့ကို ငါ့ထံသို့ သိမ်းဆည်းမည်" (ရှင်ယောဟန် ၁၄း၁-၃)။

ရှင်ပေါလုကလည်း "သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့်တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန်သော သူတို့သည် အဦးထမြောက်ကြလိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင်ထံတော်သို့ရောက်စေခြင်းငှာ၊ ထိုသူတို့နှင့်တကွ မိုဃ်းတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင်ဘုရားနှင့်အတူ အစဉ်မပြတ် နေရကြလိမ့်မည်" (၁ သက် ၄း၁၆-၁၇)ဟု သွန်သင်ခဲ့သည်။ ၁ကော ၁၅ကို ဖတ်ရှုပါက၊ "နက်နဲသော အရာတခုကို ငါပြဦးမည်။ ငါတို့ရှိသမျှသည် အိပ်ပျော်ရကြမည်မဟုတ်။ သို့သော်လည်း နောက်ဆုံးသော တံပိုးမှုတ်သောအခါ တခဏချင်းတွင် မျက်စိတမှိတ်၌ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်။ ထိုတံပိုးမှုတ်ချိန်ရောက်သောအခါ သေလွန်သော သူတို့သည် မပုပ်နိုင်သော အဖြစ်၌ တည်လျက် ထမြောက်၍ ငါတို့ရှိသမျှသည် ပြောင်းလဲခြင်းသို့ ရောက်ရကြမည်" (၁ကော ၁၅း၅၁-၅၂)။

## ဤအချက်တို့ကြောင့် သိထားရမည်မှာ -

ယုံကြည်သူများ သေဆုံးသည့်အချိန်တွင် သူတို့၏ ခန္ဓာသည် မြေမှုန့်အဖြစ် ကျန်ရစ်ပြီး သူတို့၏ ဝိညာဉ်မှာမူ ဘုရားသခင်နှင့်အတူ စံစားရမည်ဖြစ်သည် (၂ကော၅း၈)။ ဘုရားသခင် ပြန်လည်ကြွလာသည့်အချိန်တွင် ခရစ်တော်၌ သေလွန်သောသူတို့သည် ဦးစွာပြန်ရှင်လာပြီး၊ အသက်ရှင်လျက်ရှိသော ယုံကြည်သူများ ချီဆောင်ခြင်းခံရကာ ကောင်းကင်အာကာသတွင် အတူတကွတွေ့ဆုံကြမည်။ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်တွေ့ဆုံပြီးထာဝရကာလအထိ အတူရှိကြမည်ဖြစ်သည်။

ခရစ်တော်သည် ယုံကြည်သူများကို တရားစီရင်မည်။

ချီဆောင်ခြင်းအမှုအပြီးတွင် ကျွန်ုပ်တို့သည် ဆုပေးအပ်ပွဲအတွက် ခရစ်တော်၏ တရားစီရင်ရာ ပလ္လင်ရှေ့တွင် ရှိနေကြပါမည်။ သခင်ဘုရား

၏ ရှေ့တွင် မြေကြီးပေါ်၌ ပြုခဲ့သမျှကို ပြန်လည်ဆန်းစစ်ခြင်းဖြစ်သည်။ ထို့နောက်တွင် လူတို့ကို ဆုချ၍ သစ္စာရှိစွာ လိုက်လျှောက်သောသူတို့သည် သရဖူကို ရရှိကြမည်ဖြစ်သည်။

သမ္မာကျမ်းစာတွင် "အကြောင်းမူကား ငါတို့ရှိသမျှသည် ကိုယ်ခန္ဓာ၌ကျင့်သောအကျင့်၊ ကောင်းမကောင်းရှိသည်အတိုင်း အကျိုးအပြစ်ကို အသီးအသီးခံခြင်းငှာ၊ ခရစ်တော်၏ တရားပလ္လင်ရှေ့၌ ပေါ်လာရကြမည်" (၂ကော ၅း၆-၁၁)။ ဤအရာသည် အပြစ်အတွက် စီရင်ခြင်းမဟုတ်ပါ။ ယေရှုက၊ "ငါအမှန်အကန်ဆိုသည်ကား၊ ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသော သူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သောသူဖြစ်၏" (ယော ၅း၂၄)။

လူတို့သည် သိုးသငယ်မင်္ဂလာဆောင်ပွဲတွင် ပါဝင်ရန်အတွက် ဝမ်းမြောက်စွာ ပြင်ဆင်လာကြမည် (ဗျာ ၁၉း၇-၁၀)။ ထို့ကြောင့် တမန်တော် ရှင်ပေါလုသည် သူ၏ခန္ဓာကို "သင့်တော်သောလူ"ဖြစ်လာရန် အထူးကြိုးစားသည်။ ယခုကာလတွင် ကြုံတွေ့ခံစားရသော ဒုက္ခများနှင့် နောင်တချိန်တွင် စံစားရမည့်ဆုလာဘ်များ နှိုင်းယှဉ်ကြည့်သည် (၂ကော ၉း၂၄-၂၇)။

## ခရစ်တော်၏ယုံကြည်သူများနှင့် ဒုတိယအကြိမ်ပြန်လည်ကြွဆင်းခြင်း

ဘုရားသခင်သည် သူ၏ လူတို့နှင့်အတူ မြေကြီးသို့ ကြွဆင်းလာ၍၊ ဖြောင့်မတ်စွာ တရားစီရင်ကာ သူ၏နိုင်ငံတော်ကို ကမ္ဘာလောကသို့ ယူဆောင်လာမည်ဖြစ်သည်။ (ဗျာဒိတ် ၁၉း၁၁-၂၁၊ ၂၀)။ ယေရှုသည် ယေရုရှလင်မြို့ အရှေ့ဘက်ရှိ သံလွင်တောင်ထိပ်ကို ကြွဆင်းလာမည်။ ထိုအချိန်တွင် ဣသရေလလူမျိုးများ နောင်တရသောအချိန်နှင့် ကမ္ဘာလောကကြီး တုန်လှုပ်ခြောက်ခြားလာလိမ့်မည် (ဇာခရိ ၁၂၊ ၁၄)။

ထိုကြောက်မက်ဖွယ်သော ဘုရားသခင်၏ နေ့ရက်ကို ကျမ်းစာတွင် အကြိမ်ဖန်များစွာတွေ့ရသည် (ယောလ ၂း၃၁-၃၂)။ "အကြောင်းမူကား၊ ခန့်ထားတော်မူသော သူအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့် ညီလျော်စွာ စစ်ကြောစီရင်မည့်နေ့ရက်ကို ချိန်းချက်တော်မူပြီ။ ထိုသူကိုသေခြင်းမှထမြောက်စေတော်မူသောအားဖြင့် ခပ်သိမ်းသော

လူတို့အား ယုံလောက်သောသက်သေကိုပြတော်မူပြီ”ဟု ပေါလုဟောပြော၏။ (တ ၁၇း၃၁)။

ခရစ်တော် ကြွလာသောအခါ ကျွန်ုပ်တို့သည် လေထဲတွင် သူနှင့်တွေ့ဆုံရမည်ဖြစ်သည်။

**ခရစ်တော်၏ လူတို့နှင့်အတူ ဒုတိယအကြိမ် ကြွလာချိန်တွင်သူ၏ ခြေဖဝါးတော်သည် ယေရုရှလင်ရှိ သံလွင်တောင်ပေါ်တွင် တည်နေမည်။**

## ဤအဖြစ်အပျက်တို့ကို ပြန်လည်လေ့လာခြင်း

သခင်ယေရှုခရစ်တော်သည် သူ၏ ဒုတိယအကြိမ်ကြွလာခြင်းအကြောင်းကို သင်ကြားပေးခဲ့သည် (ယော ၁၄း၁-၃)။ ပွဲတော်မင်္ဂလာကိုခံယူသည့်အခါတိုင်း “သခင်ဘုရား အသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင်ပြုကြ၏” (၁ ကော ၁၁း၂၆)။ အသင်းတော်သည် သခင်ခရစ်တော် ကြွလာမည့်အချိန်ကို စောင့်ကြိုနေရမည်ဖြစ်ပြီး (၁ သက် ၁း၉-၁၀)၊ ထိုနောက်တွင် ခုနှစ်နှစ်လုံးလုံး ကပ်ဘေးဒဏ်ကို ခံရမည်ဖြစ်သည် (ယေ ၃၀၊ ဒံ ၉း၂၄-၂၇၊ မဿဲ ၂၄၊ ဗျာ ၇း၁၃-၁၄)။ ယုံကြည်သူတို့သည် ခရစ်တော်၏ တရားစီရင်ရာ ပလ္လင်နားတွင် ရှိနေကြရမည်။

ထို့နောက်တွင် ဘုရားသခင်သည် သူ၏ သန့်ရှင်းသူများနှင့်အတူ ကမ္ဘာလောကသို့ ကြွလာကာ နှစ်တစ်ထောင် အုပ်စိုးမည်ဖြစ်သည်။ မယုံကြည်သူများ ပြန်လည်ထမြောက်ခြင်းနှင့် တရားစီရင်ခြင်းအပြီးတွင် ထာဝရကာလအစပြုမည် (ဗျာဒိတ်ကျမ်း ၁၉ မှ ၂၂)။

ယေရှုဘုရားသည်တပည့်တော်များအား သူတို့အားပေးထားသောဆုကျေးဇူးများကို အသုံးပြုရန် သွန်သင်ခဲ့ပြီး “ငါပြန်၍မလာမှီတိုင်အောင် ကုန်သွယ်မှုပြုလော့” (ရှင်လုကာ ၁၉း၁၃)ဟုဆိုသည်။ သူပြောဆိုခဲ့သော ပုံဥပမာများသည် ဖြစ်ပေါ်လာမည့် နိမိတ်လက္ခဏာကြောင်းကို အရိပ်အမြွက်ပေးခြင်းဖြစ်သည်။

**ဘုရားသခင်၏ အမှုတော်ကို မနားမနေ လုပ်ဆောင်ခြင်းဖြင့် ခရစ်တော်၏ ဒုတိယအကြိမ်ကြွလာခြင်းကို စောင့်ကြိုကြကုန်အံ့။**

# သန့်ရှင်းသော ဝိညာဉ်တော်၏ သဘောသဘာဝနှင့် အမှုတော်

ယနေ့အချိန်တွင် သန့်ရှင်းသောဝိညာဉ်တော်၏ သဘောသဘာဝနှင့် အမှုတော်အကြောင်းသည် ပိုမို၍ ရှုပ်ထွေးလာသည်။ "သန့်ရှင်းသောဝိညာဉ်တော်သည် မည်သူနည်း" "သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း၊" "ပရောဖက်ပြုခြင်း၊" "အခြားသောဘာသာစကားပြောဆိုခြင်း၊" နှင့် "အနာရောဂါငြိမ်းစေခြင်း"စသောမေးခွန်းများမှာ မေးလေ့မေးထရှိသော အကြောင်းအရာများဖြစ်ကြသည်။ သခင်ယေရှုသည် တပည့်တော်များအား သန့်ရှင်းသောဝိညာဉ်တော် ကြွလာခြင်းနှင့် အမှုတော်အကြောင်းကို သွန်သင်ပေးခဲ့သည်။ "ခမည်းတော်သည် သမ္မာတရားကိုပြသောဝိညာဉ်တော်တည်းဟူသော တပါးသောဥပဓ္ဈာယ်ဆရာကို သင်တို့နှင့်အတူအစဉ်မပြတ် တည်နေစေခြင်းငှါ သင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကို လောကီသားတို့သည် မသိမမြင်သောကြောင့် မခံမယူနိုင်ကြ။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေ၍၊ သင်တို့၌ ရှိတော်မူသောကြောင့် သင်တို့သိရကြ၏။ ငါသည် သင်တို့ကို မိဘမဲ့ဖြစ်စေခြင်းငှါ စွန့်ပစ်မည်မဟုတ်။ သင်တို့ဆီသို့လာဦးမည်။ (ယော ၁၄:၁၆-၁၈)

ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်သည် "ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်မည်" (ယော ၁၄:၂၆)၊ "ငါ၏ အကြောင်းကိုသက်သေခံလိမ့်မည်"(ယော ၁၅:၂၆)၊ "လောကကြီးအားအပြစ်အကြောင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် တရားစီရင်ခြင်းအကြောင်းတို့ကို ရှင်းလင်းစေ၍၊" "လာလတ္တံ့သော အရာတို့ကိုဖွင့်ပြကာ" "ငါ့ကိုချီးမြှောက်မည်" (ယော ၁၆:၇-၁၅)ဟု ဖော်ပြသည်။ ထို့ကြောင့် အောက်ပါအချက်တို့ကို ကျွန်ုပ်တို့သည် သိရှိလာရသည်။

၁။ သခင်ယေရှု၏ ဆုတောင်းချက်ကို အဖြေပေးခြင်းအားဖြင့် ခမည်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်လိမ့်မည်။ သူသည် "ဖေးမပေးသူ" သို့မဟုတ် "နှစ်သိမ့်ပေးသူ" ဟု ခေါ်ဝေါ်ခြင်းခံရမည်။

၂။ "သူ"သည် ပုဂ္ဂိုလ်ဖြစ်၍ တန်ခိုးသြဇာသက်သက်မဟုတ်ပါ။ - "အမှန်တရား၏ဝိညာဉ်"ဖြစ်သည်။ သူ့ကို လောကသည် မသိနားမလည်၊ မမြင်နိုင်သောကြောင့် လက်မခံနိုင်ကြပါ။

၃။ သခင်ယေရှုနှင့် သူ၏တပည့်တော်များ အမြဲအတူသွားလာနေထိုင်ခဲ့သကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့နှင့် ထာဝရတိုင် အမြဲအတူရှိနေမည်ဖြစ်သည်။
၄။ သန့်ရှင်းသောဝိညာဉ်သည် လောကကြီးတွင် အမှုဆောင်နေ၍၊ အပြစ်ကို ဖော်ပြကာ၊ ဖြောင့်မတ်ခြင်းနှင့် တရားစီရင်ခြင်းအမှုကို ပြုမည်။
၅။ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူများအတွက် အမှုကိုပြုမည်။

## ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်

"သုံးပါးတစ်ဆူ"ဟူသော စကားလုံးကို သမ္မာကျမ်းစာတွင် မတွေ့ရသော်လည်း သုံးပါးတစ်ဆူနှင့် သက်ဆိုင်သော သွန်သင်ချက်များကိုမူ တွေ့ရပေသည်။ ယေရှုခရစ်တော်၏ မဟာစေခိုင်းချက်တွင် "ကောင်းကင်ဘုံ၌လည်းကောင်း၊ မြေကြီးပေါ်၌လည်းကောင်း စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်" (မဿဲ ၂၈း၁၈-၂၀) ဗတ္တိဇံကို တစ်ပါးတည်းသော နာမဖြင့် ခံယူစေသော်လည်း ဤနေရာတွင် ဘုရားသခင်၏ ဖြစ်တည်ခြင်းဖြစ်သော သုံးပါးဖြစ်ခြင်းကို တစ်ပါတည်း တွေ့ရပေသည်။

"သုံးပါးတစ်ဆူ"ကို သခင်ဘုရား ဗတ္တိဇံခံယူနေစဉ်တွင် တွေ့ရပြီ - ဘုရားသခင်၏ ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ ကြွဆင်းလာ၍ သားတော်ကို ထင်ရှားစေလျက်၊ ခမည်းတော်၏အသံကို ကြားရပါသည် (မဿဲ ၃း၁၃-၁၇)။

"သုံးပါးတစ်ဆူ"ကို ဟေဗြဲ ၉း၁၄ တွင် ကယ်တင်ခြင်း အကြောင်းကိုဖြစ်စေသော အကြောင်းကို ဖော်ပြရာတွင် "ထိုမျှမက၊ အပြစ်ကင်းသော ကိုယ်တော်ကို၊ ထာဝရဝိညာဉ်တော်အားဖြင့် ဘုရားသခင်ရှေ့၌ တင်လျှပူဇော်သော ခရစ်တော်၏အသွေးသည် သေခြင်းနှင့်စပ်ဆိုင်သော အကျင့်ကို ပယ်ရှင်း၍ သင်တို့သည် အသက်ရှင်တော်မူသော ဘုရားသခင်ကို ဝတ်ပြုမည်အကြောင်း၊ သင်တို့၌ ကိုယ်ကိုကိုယ်သိသော စိတ်ကိုစင်ကြယ်စေခြင်းငှာ သာ၍တတ်နိုင်တော်မူသည် မဟုတ်လော။"ဟူ၍တွေ့ရ သည်။

သမ္မာကျမ်းစာတွင် သခင်ယေရှုနှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘုရားဖြစ်ခြင်းကို သွန်သင်ထားပြီး ခမည်းတော်ဘုရားက ၎င်းတို့ကို စေလွှတ်ထားခြင်းဖြစ်သည်။ "ခမည်းတော်သည် သားတော်ကို စေလွှတ်တော်မူသည်ကိုငါတို့သည်သိမြင်၏" (၁ယော၄း၁၄)။ "ငါသည်ခမည်းတော်ကို တောင်း၍သမ္မာတရားကိုပြသော ဝိညာဉ်တော်တည်းဟူသော ဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်အမြဲတည်နေစေမည်" "ခမည်းတော်ဘုရားထံမှ သင်တို့ဆီသို့ ငါစေလွှတ်လတ္တံ့သော ဝိညာဉ်တော်" (ယော ၁၄း၁၆၊ ၁၅း၂၆)။

## သန့်ရှင်းသော ဝိညာဉ်တော်၏ ဘုရားဖြစ်ခြင်းနှင့် အရှင်သခင်ဖြစ်ခြင်း

ရှင်ပေတရုသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဘုရားဖြစ်ခြင်းကို နားလည်သဘောပေါက်သည်။"...အာနနိ၊ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို လှည့်စား၍... စာတန်သည် သင်၏ စိတ်နှလုံးကို အဘယ်ကြောင့် ပြည့်စေရသနည်း။ ... လူကိုသာ မုသာပြောပြီမဟုတ်၊ ဘုရားသခင်ကိုလည်း မုသာပြောပြီ" (တမန် ၅း၁-၄)။ ၎င်းကို "ထာဝရဘုရား၏ဝိညာဉ်တော်" (ဇ၊၁၄) ဟူ၍လည်းကောင်း၊ "အသက်ရှင်စေသော ဝိညာဉ်တော်" (ရောမ၈း၂) နှင့် "သမ္မာတရားကိုပြသော ဝိညာဉ်တော်" (ယော ၁၄း၁၆)ဟူ၍လည်းကောင်းတွေ့ရသည်။ ၎င်းတို့သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ ဂုဏ်အင်္ဂါလက္ခဏာများ ဖြစ်ကြသည်။ သူ၌ ပုဂ္ဂိုလ်ဆန်သောခံစားချက်ရှိပြီး၊ လှည့်ဖြား၍ရသလို၊ နာကျင်ခြင်းနှင့် ချုပ်ငြိမ်းနိုင်သော ဖြစ်စဉ်များရှိသည်။

သမ္မာကျမ်းစာတွင် သန့်ရှင်းသောဝိညာဉ်တော်သည် ခမည်းတော်၊ သားတော်တို့နှင့် တလုံးတဝတည်းဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်။ "သခင်ဘုရားဟုဆိုသော် ဝိညာဉ်တော် တရားကို ဆိုလိုသတည်း။ သခင်ဘုရား၏ ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏။" (၂ကော ၃း၁၇)။

## သခင်ယေရှု၏ ဘုရားဖြစ်ခြင်းနှင့် အရှင်သခင်ဖြစ်ခြင်း

အစကနဦးတွင်ပင် ခရစ်ယာန်တို့သည် သခင်ယေရှုကို "လူသားအဖြစ်ခံယူသော ဘုရားစင်စစ်" ဖြစ်ကြောင်း (၁ တိ ၃း၁၆)တွင် တွေ့ရသည်။ "ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍

သားယောက်ျား ကို ဖွားမြင်လတံ့။ ထိုသားကို ဧမာနွေလအမည်ဖြင့် မှည့်ရကြလတံ့ဟု လာသတည်း။ ဧမာနွေလအနက်ကား 'ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်' ဟု ဆိုလိုသတည်း" (မဿဲ ၁း၂၃၊ ဟေ ၇း၁၄)။ ခမ္မသစ်ကျမ်းတွင် "သခင်ယေရှုခရစ်တော်"ဟူ၍ အကြိမ် ၈၀ ခန့် ဖော်ပြထားသည်။ "သခင်"ဟူသောစကားလုံးတွင် သူသည်ဘုရားဖြစ်ကြောင်းကို ရည်ညွှန်းလိုခြင်းဖြစ်သည်။ ဟေရှာယက "အကြောင်းမူကား ငါတို့အဘို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကို သနားတော်မူ၏။ ထိုသူသည်အုပ်စိုးခြင်း၊ အာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့သြဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်" (ဟေ ၉း၆)။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြစ်တည်ခြင်း၌ ပုဂ္ဂိုလ်သုံးပါးရှိကြောင်းသိရပြီး ၊ သဘောတစ်ခုတည်းရှိကြောင်းလည်း သိရသည်။

## သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ခြင်း

အထူးမှတ်ထားရမည်မှာ သခင်ယေရှု ချီးမြှောက်ခြင်းမခံရမချင်း သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်ခြင်းမပြုခဲ့ပေ။ "ထိုသို့ မိန့်တော်မူသော်၊ ယုံကြည်သောသူတို့သည် ခံရလတံ့သော ဝိညာဉ်တော်ကို ရည်မှတ်၍ မိန့်တော်မူ၏။ ယေရှုသည် ဘုန်းပွင့်တော်မမူသေးသောကြောင့် သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးတော်မမူသေး" (ယောဟန် ၇း၃၉)။ ယေရှုအသေခံ၍ မြှုပ်နှံခြင်းခံရပြီး သုံးရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်လာကာ၊ တပည့်တော်များနှင့်အတူ ရက် ၄၀ လုံးလုံးရှိနေပြီး၊ သူတို့၏ မျက်မှောက်တွင်ပင် ကောင်းကင်သို့ ဘုန်းတော်နှင့် ကြွတော်မူခဲ့သည် (တမန် ၁)။ ထို့နောက်တွင် သူသည် ခမည်းတော်ထံ ဆုတောင်း၍ ပင်တေကုတ္တေနေ့တွင် ဝိညာဉ်တော်ကို စေလွှတ်ခြင်းနှင့်အတူ ရှင်ပြန်ထမြောက်ရာနေ့အပြီး ရက်ပေါင်း ၅၀ အကြာတွင် (တမန် ၂)။ အသင်းတော်သည် ပေါက်ဖွားလာခဲ့သည်။ သခင်ယေရှုက "ဤကျောက်ပေါ်တွင် ငါ၏ အသင်းတော်ကို တည်ဆောက်မည်" (ရှင်မဿဲ ၁၆း၁၈) ဟု ဆိုသည်။ ယေရှုအသက်ရှင်နေချိန်တွင် မည်သည့်အရာမျှ မပေါ်လာသေးကြောင်း သတိပြုပါ။

ဗတ္တိဇံဆရာယောဟန်သည် သန့်ရှင်းသော ဝိညာဉ်တော် ဆင်းကြွလာမည့်အကြောင်းကို ကြိုတင်ဟောကြားရာတွင်၊ "ငါသည် နောင်တအဘို့အလို့ငှာ သင်တို့ကို ရေနှင့် ဗတ္တိဇံပေး၏။ ငါ့နောက် ကြွလာသော

သူသည် ငါ့ထက် တတ်စွမ်းနိုင်၏။ ထိုသူ၏ ခြေနင်းတော်ကိုမျှ ဆောင်ခြင်းငှာ ငါမထိုက်။ ထိုသူသည် သန့်ရှင်းသော ဝိညာဉ်တော်နှင့်၎င်း၊ မီးနှင့်၎င်း၊ သင်တို့ကို ဗတ္တိဇံပေး၏” (မဿဲ ၃း၁၁)။ သခင်ယေရှုသည် သူ၏ တပည့်တော်တို့အား ဤကတိတော်ကိုပေးခဲ့ပြီး။ (လုကာ ၂၄း၄၉၊ တမန်တော် ၁း၄-၅)၊ ပင်တေကုတ္တေပွဲနေ့တွင် ပြည့်စုံခဲ့သည်။ “ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သော အသံသည် တစ်ခဏခြင်းတွင် ကောင်းကင်မှလာ၍ ထိုသူတို့ နေထိုင်သောအိမ်ကို ဖြည့်လေ၏။ ထိုခဏခြင်းတွင် ကွဲပြားသော လျှာတို့သည် မီးလျှာကဲ့သို့ထင်ရှား၍ ထိုသူအသီးသီးတို့အပေါ်၌ တည်နေကြ၏။” (တ ၂း၁-၃)

ထိုနေ့သည် အသင်းတော် ပေါက်ဖွားရာ ရက်မြတ်ဖြစ်ပြီး၊ မည်သည့်အချိန်တွင်မျှ ထပ်၍ ဖြစ်လာစရာအကြောင်း မရှိတော့ပေ။ ဗတ္တိဇံတစ်ပါးတည်းသာ ရှိပါသည်။ (ဧဖက် ၄း၅)။ ထိုအရာတွင် ကျွန်ုပ်တို့ ပါဝင်ခဲ့ရသည် (၁ ကော ၁၂း၁၃)။ ခရစ်တော်၏ ဆုတောင်းချက်ကို အဖြေပေးခြင်းအားဖြင့် ခမည်းတော်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်၍ တပည့်တော်တို့အား ခန္ဓာတစ်ခုတည်းဖြစ်သော အသင်းတော်တွင် ဗတ္တိဇံကို ခံယူစေသည်။

## ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း

“သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံ” အကြောင်း သို့မဟုတ် သန်ရှင်းသော ဝိညာဉ်တော် ‘၌’ သို့မဟုတ် ‘တွင်’ ဗတ္တိဇံခံယူခြင်းအကြောင်းကို သွန်သင်ခြင်းသည် မှားယွင်းနေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ပင်တေကုတ္တေနေ့တွင် တပည့်တော်များအား ကိုယ်ခန္ဓာတစ်ခုတည်းတွင် ဗတ္တိဇံပေးသောသူဖြစ်သည်။ “အကြောင်းမူကား ယုဒလူဖြစ်စေ၊ ဟေလသလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော် တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကို ခံကြ၏။ ငါတို့ရှိသမျှသည် တစိတ်တဝိညာဉ်တည်း ထဲသို့လည်း သောက်ကြ၏” (၁ ကော ၁၂း၁၃)။ ထိုသို့ ဗတ္တိဇံခံခြင်းသည် ဂရိဘာသာစကားတွင် အတိတ်ကာလတွင်ဖြစ်ခဲ့သောအရာဖြစ်ပြီး မည်သို့မျှ ပြန်လည်ဖြစ်ပွားခြင်း ရှိမည်မဟုတ်ပါ။ အသင်းတော်သည် ပင်တေကုတ္တေမှ ပေါက်ဖွားလာသော ယုံကြည်သူများစုဝေးရာ ခန္ဓာဖြစ်ပြီး၊ သခင်ယေရှု ပြန်လည်ကြွလာခြင်းနှင့်အတူ ကောင်းကင်သို့ ခေါ်ဆောင်သည့်တိုင် ဖြစ်တည်နေသော အရာဖြစ်သည်။

အသက်တာပြောင်းလဲခြင်းအားဖြင့် ယုံကြည်သူတိုင်းသည် ခရစ်တော်၏ ခန္ဓာကိုယ်တွင် ပါဝင်ကြသဖြင့် အသင်းတော်၏ အသင်းသားများ ဖြစ်လာကြသည်။ ၎င်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ဆောင်ချက်ဖြစ်၍ လူတို့၏ အတွေ့အကြုံမှ ထွက်ပေါ်လာခြင်းမဟုတ်ပေ။

သခင်ယေရှုသည် ပေတရုအား ကောင်းကင်နိုင်ငံ တံခါးသော့ ကိုပေးအပ်မည်ဟု ပြောထားသည်။ (မဿဲ ၁၆း၁၈-၁၉)။ သော့ဟူသည် တံခါးများကို ဖွင့်ရန်ဖြစ်ပြီး၊ ပေတရုသည် ကောင်းကင်နိုင်ငံ၏ တံခါးကို ဖွင့်ပေးရန် အသုံးတော်ခံသူဖြစ်သည်။ ပထမတွင် ဂျူးလူမျိုးများ (တ ၂း၁၄-၄၇)၊ ထို့နောက်တွင် ရှာမာရိလူမျိုးများ (တ ၈း၁၄-၁၇)၊ ထို့နောက်တွင် တပါးအမျိုးသားများ (တ ၁၀း၁-၄၈) အတွက် ဖွင့်ပေးထားသည်။

ဤသို့အားဖြင့် ထာဝရဘုရားသခင်သည် ကောင်းကင်နိုင်ငံတော်၏ အကျယ်အဝန်းကို မြို့ကြီးတစ်ခုအလား တစတစ ချဲ့ထွင်လာသည်။ နောက်ဆုံးတွင် ရှင်ပေါလုသည် နိုင်ငံတော်အကြောင်းကို ဗတ္တိဇံဆရာယောဟန်၏ တပည့်များဆီသို့ ပြောကြားခဲ့သည် (တ ၁၉း၁-၇)။ သူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်အကြောင်းကို သိရှိဖူးခြင်း မရှိခဲ့ဘဲ သခင်ယေရှုအကြောင်းကိုပင် အနည်းငယ်သာ သိကြသည်။ သူတို့သည် ဗတ္တိဇံဆရာယောဟန်၏ နောင်တရခြင်းဆိုင်ရာ သတင်းစကားကိုသာ သိရှိကြသည်။

ဘုရားသခင်၏ အစီအစဉ်တွင် ဂျူးလူမျိုးတို့သည် အသင်းတော် အစပြုရာ နေရာဖြစ်သည်။ ထို့နောက်တွင် ရှမာရိလူမျိုးများထံသို့ ဖြစ်ပြီး ဘာသာရေး အတားအဆီးများကို ဖြိုချရခြင်းဖြစ်သည်။ ၎င်းနောက် တပါးအမျိုးသားများထံသို့ ရောက်ရှိလာကာ လူမျိုးရေးအတားဆီးများကို ဖြိုချရသည်။ ထို့နောက်တွင် ဗတ္တဇံဆရာ ယောဟန်၏ တပည့်များထံသို့ ရောက်ရှိလာပြီး ယုံကြည်ခံယူမှု အတားအဆီးများကို ဖြိုချရသည်။ ယနေ့အသင်းတော်ကာလသည် ကျေးဇူးတော်ကာလဖြစ်၍ ယုံကြည်သူများအား ခန္ဓာကိုယ်တစ်ခုတည်းတွင် ဗတ္တိဇံခံယူစေသည်။ ဘာသာရေး၊ လူမျိုးရေးနှင့် ယုံကြည်ခံယူမှု အတားအဆီးများ ကျော်လွှား၍ တစုတစည်းတည်း ပေါင်းစည်းရသည်မှာ အလွန်ကောင်းမွန်လှပေသည်။ ခန္ဓာကိုယ်တစ်ခုတည်းသာ ရှိနေပါသည် (ဧဖက် ၄း၅)။

## သန့်ရှင်းသော ဝိညာဉ်တော်နှင့်ပြည့်ဝခြင်း

သန့်ရှင်းသောဝိညာဉ်တော်သည် "ဖေးမသူ" သို့မဟုတ် "နှစ်သိမ့်ပေးသူ" ဟုဆိုရာတွင် "အကူအညီပေးရန် အဆင်သင့်ရှိနေသူ" ဖြစ်ကြောင်း ပေါ်လွင်စေသည်။ သူသည် တပည့်တော်များ ကြုံတွေ့ရသော ဒုက္ခပြဿနာတိုင်းအတွက် ကူညီရန် အသင့်ရှိနေပါသည်။ သခင်ယေရှုသည် တပည့်တော်များနှင့်အတူ ရှိနေချိန်တွင် ယေရှုသည် သူတို့၏ ဖေးမသူနှင့် နှစ်သိမ့်ပေးသူဖြစ်သည်။ သူသည် ၎င်းတို့ကို စွန့်ပစ်မထားဘဲ၊ သူမရှိတော့သည့် နောက်ပိုင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ယေရှု၏ အခန်းကဏ္ဍကို ယူသွားမည်ဖြစ်သည်။ (ယော ၁၄း၁၅-၁၈)။

ဒုတိယဆုကျေးဇူးဟုပြောဆိုခြင်းသည်မှားယွင်းပြီး ဒုတိယမွေးဖွားခြင်းနောက်တွင်ပင် အချို့သော နိမိတ်လက္ခဏာများလည်း ဖြစ်ပေါ်လာတတ်သည်။ လူအချို့တို့သည် ဝိညာဉ်တော်အားဖြင့် ဗတ္တိဇံခံယူခြင်းနှင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပြည့်ဝခြင်းဟူသော စကားလုံးကြားတွင် ရှုပ်ထွေးနေကြသည်။ "ဗတ္တိဇံ" ဟူ၍ တစ်ခုတည်းသာရှိသည်။ သမ္မာကျမ်းစာတွင် "သင်တို့ကို ခေါ်တော်မူခြင်းနှင့် စပ်ဆိုင်သော မြော်လင့်ခြင်းတပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တကိုယ်၊ ဝိညာဉ်တဝိညာဉ်တည်းရှိ၏။ သခင်တပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ယုံကြည်ခြင်းတပါး၊ ဗတ္တိဇံတပါး၊ ခပ်သိမ်းသော ငါတို့၏အဘဖြစ်သော ဘုရားသခင် တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏အပေါ်မှာရှိတော်မူ၏။" (ဧဖ ၄း၄-၆)။ သို့သော်လည်း ပြည့်ဝခြင်းဆိုရာ၌ အမျိုးမျိုးရှိနိုင်သည်။

သန့်ရှင်းသော ဝိညာဉ်တော် စေလွှတ်ခြင်းအပြီးတွင် ခန္ဓာတော်တည်းဟူသော အသင်းတော်ဖြစ်တည်လာပြီး၊ တပည့်တော်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝကြသည် (တ ၂း၄၊ ၄း၈၊ ၃၁၊ ၉း၁၇၊ ၁၃း၉)။" သန့်ရှင်းသော ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်း" အတွက် ဆုတောင်းအားကြီးရန် မည်သည့်ကျမ်းစကားတွင်မျှ မတွေ့ရပါ။ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့် ပြည့်ဝဖို့ရန်သာ တိုက်တွန်းထားပါသည်။)

သမ္မာကျမ်းစာတွင် ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်း အကြောင်းကို ပြောဆိုရာတွင် "လွန်ကျူးစေတတ်သော စပျစ်ရည်နှင့် ယစ်မူးခြင်းကို ရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက်ရှိကြလော့" (ဧ ၅း၁၈)။ ဂရိဘာသာစကားတွင် ဤအချက်သည် အမြဲတစေပြည့်ဝနေရန် ခိုင်းစေခြင်းဖြစ်သည်။

ဝိုင်အရက်ကို သောက်သောသူသည် ၎င်း၏လွှမ်းမိုးမှု အောက်တွင်ရှိနေ၍ ရူးမိုက်စွာလုပ်ဆောင်တတ်သည်။ တစ်ဖက်တွင် သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ပြည့်ဝသောသူသည် ထိုသို့မပြု။ ဝိညာဉ်တော်၏ လွှမ်းမိုးဦးဆောင်မှုနောက်ကိုသာ လိုက်လျှောက် အသက်ရှင်တတ်သည်။ "ဝိညာဉ်ပကတိ၏ အကျိုးမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ ဥစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်း ခြင်းပေတည်း။ ထိုသို့သောအကျင့်ကို အဘယ်တရားမျှ မမြစ်တား" (ဂ ၅း၂၂-၂၃)။

"ဝိညာဉ်တော်ဖြင့် ပြည့်ဝရန် (ဧ ၅း၁၈)၊ "ဝိညာဉ်တော်၌ လျှောက်လှမ်းရန်" (ဂ ၅း၁၆)၊ "ဝိညာဉ်တော်၏ လမ်းပြခြင်း ခံယူရန်" (ဂ ၅း၁၈) နှင့် "ဝိညာဉ်ဆိုင်ရာ အသီးများကို သီးရန်မှာ ယုံကြည်သူများ၏ ဝတ္တရားဖြစ်သည်။

## ဝိညာဉ်တော်၌ လျှောက်လှမ်းခြင်း

သမ္မာကျမ်းစာတွင် "သို့ဖြစ်၍ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့" (ဂ ၅း၂၅) ဟုဆိုသည်။ ယုံကြည်သူတိုင်းသည် ခရစ်တော်၌ အသစ်တဖန် မွေးဖွားခြင်းနှင့် ဗတ္တိဇံခံယူခြင်းအားဖြင့်သန့်ရှင်းသောဝိညာဉ်တော်၏ ရပ်ဝန်းတွင် နေထိုင်ရသည်။ ထို့ကြောင့်ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်း ရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက သန့်ရှင်းသော ဝိညာဉ်တော်သည် စိတ်နာတတ်ပြီး ချုပ်ငြိမ်းတတ်ပါသည်။ "ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်တော်မူသော ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်" (ဧ ၄း၃၀)။ "ဝိညာဉ်တော်၏ အရှိန်ကို မငြိမ်းစေကြနှင့်" (၁ သက် ၅း၁၉)။

ကျွန်ုပ်တို့သည် မနာခံဘဲ အပြစ်သားကဲ့သို့ ဆက်လက်အသက်ရှင်နေပါက သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်နာစေ၍ ဝိညာဉ်တော်မီးကို ချုပ်ငြိမ်းစေရာ ရောက်ပါသည်။ ယေရှုခရစ်တော်၏ နောက်လိုက်များ နည်းတူ စစ်မှန်သော ငြိမ်သက်ခြင်းနှင့် ပျော်ရွှင်ခြင်းကို ရရှိနိုင်မည် မဟုတ်ပါ။ သူသည် "သန့်ရှင်းသော ဝိညာဉ်တော်" ဖြစ်၍ ကျွန်ုပ်တို့ အသက်တာအားဖြင့် သန့်ရှင်းခြင်းကို မွေးထုတ်စေလိုပါသည်။ အပြစ်ကို ဆက်လက်လုပ်ဆောင်နေပါက သန့်ရှင်းခြင်းကို မြတ်နိုးတန်ဖိုးထားသော သခင်သည် ကျွန်ုပ်တို့ကို အသုံးပြုတော့မည် မဟုတ်ပါ။

ကျွန်ုပ်တို့သည် ဝိညာဉ်တော်၌ ဗတ္တိဇံခံယူခြင်းကို သာမက ဝိညာဉ်တော်ဖြင့် ပြည့်ဝကြရမည်ဖြစ်သည်။ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗတ္တိဇံခံယူခြင်းသည် အသက်တာပြောင်းလဲနေချိန်တွင် ဘုရားသခင်ပြု သောအမှုဖြစ်ပြီး။ ဝိညာဉ်တော်ဖြင့် ပြည့်ဝခြင်းသည် ဘုရားသခင်၏ အလိုတော်ကို မိမိတို့ အသက်တာ၌ ဝန်ခံခြင်းဖြစ်ကာ နေ့ရက်စဉ်တိုင်း ပြုရမည့်အရာဖြစ်သည်။

## သန့်ရှင်းသော ဝိညာဉ်တော်၏ အလိုသို့ လိုက်ခြင်း

သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ နှလုံးသားတွင် အပြည့်အဝနေရာယူလိုပါသည်။ သူ့အား လက်မခံသော လူများစွာရှိနေပါ သည်။ ထိုလူများသည် မှားယွင်းသော တွေးခေါ်မှုတို့ဖြင့် ပြည့်နှက်နေပြီး၊ လောကီအရာများက ဖုံးလွှမ်းထားပါသည်။ ကျွန်ုပ်တို့သည် အလုံးစုံ လိုက်လျောခြင်းမရှိခဲ့ပါက ပြီးပြည့်စုံသော ကောင်းကျိုးချမ်းသာကို ရရှိနိုင် မည်မဟုတ်ပါ။ "အဘယ်သို့နည်း။ သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော်တည်းဟူသော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြောင်းကို လည်းကောင်း၊ မိမိတို့ကို မိမိတို့မပိုင်ကြောင်းကိုလည်းကောင်း မသိကြသ လော။ သင်တို့သည် အဘိုးနှင့် ဝယ်တော်မူသော သူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူသော သင်တို့၏ ခန္ဓာနှင့် စိတ်ဝိညာဉ်အားဖြင့် ဘုရားသခင်၏ ဂုဏ်တော်ကို ထင်ရှားစေကြလော့" (၁ ကော ၆း၁၉-၂၀)၊ ရှင်ပေါလုသည် ဤအချက်ကို ဇာတိပကတိနှင့်ပြည့်သော ခရစ်ယာန် တို့အား ရေးသားညွှန်းဆိုခြင်းဖြစ်သည်။ (၁ ကော ၃း၁-၃)။ ကောရိန္သု အသင်းတော်သည် အပြစ်နှင့်ပြည့်သော အသင်းတော်ဖြစ်သည်။ ၎င်းတို့ သည် ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းမရှိကြပေ။

ဝိညာဉ်တော်အား နာကျင်စေသော အရာတို့ကို ပြုမိသည်ဟု သိရှိသည့် အချိန်တိုင်းတွင် ကျွန်ုပ်တို့သည် ၎င်းတို့ကို စွန့်လွှတ်နိုင်ရန် ကြိုးစားအသက်ရှင်ရမည်။ "ကိုယ်အပြစ်ကို ဖော်ပြတောင်းပန်လျှင် ငါတို့ အပြစ်များကိုလွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှာ ဘုရားသခင် သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။ (၁ယော ၁း၉)။ ထိုမှသာ သူသည် ကျွန်ုပ်တို့ကို အသုံးပြုမည် ဖြစ်သည်။

ယခုတွင် သူ့အလိုတော်အားဖြင့် မိမိအသက်တာကို ပြည့်ဝစေရန် ဖြစ်သည်။ တစ်ယောက်ချင်းတိုင်းအတွက် လုပ်ဆောင်ရမည့် အလုပ်ရှိပြီး

ဘုရားသခင် အသုံးပြုတော်မူသော အသက်တာသည် ပျော်ရွှင်ခြင်းနှင့် ငြိမ်သက်ခြင်းကို ရရှိခံစားလာမည်ဖြစ်သည်။

## သန့်ရှင်းသော ဝိညာဉ်တော်၏ ကျွန်ုပ်တို့ "အတွက်" နှင့် ကျွန်ုပ်တို့ "၌" အမှုပြုခြင်း

ရေ၌ ဗတ္တိဇံခံယူခြင်းသည် ခရစ်တော်နှင့်အတူ ဆက်နွယ်မှုပြုခြင်းနှင့် ခရစ်တော်၌ ကျွန်ုပ်တို့၏ ဖြစ်တည်ခြင်းကို ဝှက်ထားလျက်ရှိကြောင်းကို ပေါ်လွင်စေသည်။ ထို့ကြောင့် အသေခံတော်မူခြင်း၌ ဗတ္တိဇံကို ခံသောအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုလ်ခြင်းကိုခံကြ၏။ အကြောင်းမူကား ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတန်ခိုးအားဖြင့် သေခြင်းမှ ထမြောက်တော်မူသည်နည်းတူ ကျွန်ုပ်တို့သည်လည်း အသစ်သော အသက်တာ၌ ကျင်လည်ရကြသည်။" (ရော ၆း၁-၁၄ ကို ဖတ်ရန်)။

သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ သတ်မှတ်ခြင်းခံရကာ၊ ရှင်ပေါလုက "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင် မရှင်၊ ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏။ ကိုယ်ခန္ဓာ၌ ယခု ငါရှင်သော အသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည်၏။ သားတော်သည်ငါ့ကိုချစ်၍ ငါ့အဘို့ ကိုယ်ကိုကိုယ် စွန့်တော်မူ၏။" (ဂ ၂း၂၀)။ "သင်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြသည်မှန်လျှင် ဘုရားသခင်၏ လက်ျာတော်ဘက်မှာ ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ ရှိသော အထက်အရာတို့ကို ရှာကြလော့။ မြေကြီးပေါ်မှာရှိသော အရာတို့ကို စွဲလမ်းသော စိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်း ရှိကြလော့။ အကြောင်းမူကား သင်တို့သည် သေသောသူဖြစ်၍ သင်တို့အသက်သည် ခရစ်တော်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ငါတို့အသက် တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုရားသခင်၌ ဝှက်ထားလျက်ရှိ၏။ ငါတို့ အသက်တည်းဟူသော ခရစ်တော်သည် ထင်ရှားတော်မူသောအခါ ငါတို့သည်လည်း ထိုသခင်နှင့်အတူ ဘုန်းကြီး၍ ထင်ရှားကြလတံ့" (ကော ၃း၁-၄)။

ထို့ကြောင့် ဘုရားသခင်၏ ကြည့်မြင်ခြင်းတွင် - ခရစ်တော်၏ သေခြင်း၌ ကျွန်ုပ်တို့သည်လည်းအတူသေကြ၍၊ အတူမြှုပ်နှံခြင်းခံရပြီး၊

သူနှင့်အတူ ရှင်ပြန်ထမြောက်လာရသည်။ ထို့ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်၏ အရေးကြီးသော လုပ်ဆောင်ချက်ကို လေ့လာရာတွင် -

၁။ ကျွန်ုပ်တို့အား သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား အပြစ်ကို ဖော်ပြပြီး နောင်တရစေကာ၊ ယုံကြည်လာစေသည် (ယော ၁၆း၈-၁၁)

၂။ "ရေနှင့်ဝိညာဉ်တော်အားဖြင့် အသစ်တစ်ဖန်မွေးဖွား၍ ဘုရားသခင်၏ သားတော်အဖြစ်သို့ ရောက်ရှိလာကြသည် (ယော ၁း၁၁-၁၃၊ ၃း၅)

၃။ ဘုရားသခင်၏ သားတော်အဖြစ် ခန့်ထားခြင်းခံရသည် (ရော ၈း၁၂-၁၇)

၄။ "ဝိညာဉ်တစ်ခုအားဖြင့် --- ခန္ဓာတစ်ခုတည်းတွင် ဗတ္တိဇံကို ခံရသည်" (၁ကော ၁၂း၁၃)

၅။ "သန့်ရှင်းသော ဝိညာဉ်တော်၏ ကတိတော်အားဖြင့် တံဆိပ်ခတ်ခြင်းခံရသည်" (ဧဖက် ၁း၁၃-၁၄)

၆။ "သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သန့်ရှင်းစေခြင်းကို ခံရသည်" (ရော ၁၅း၁၆)

ဘုရားသခင်၏ အမြင်၌ လူတို့အတွက် နေရသော ဝိညာဉ်ရေးရာ ရပ်ဝန်းတစ်ခုရှိနေပါသည်။ ခရစ်တော်၏ ကားတိုင်တွင်လုပ်ဆောင်ခဲ့သော အကြောင်းများကြောင့် ဘုရားသခင်၏ မျက်မှောက်တွင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ တစ်ထပ်တည်းကျနေခဲ့ပြီး၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ကျွန်ုပ်တို့၌ ကိန်းဝပ်တော်မူခြင်းဖြင့်လည်း တစ်သားတည်း ရှိနေခြင်းဖြစ်သည်။ ယနေ့အချိန်တွင် ကျွန်ုပ်တို့နားမလည်နိုင်သောအရာများ ဖြစ်သော်လည်း ဘုရားသခင်သည် နက်နဲစွာ အလုပ်လုပ်တော်မူသည်။ ထို့ကြောင့် လာမည့်ထာဝရကာလတွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဖြစ်တည်ခြင်းနှင့် ပြုလုပ်သောအမှုတို့ကြောင့် အစဉ်မပြတ်ချီးမွမ်းရမည်ဖြစ်သည်။

## ဓမ္မဟောင်းကျမ်းရှိ သန့်ရှင်းသော ဝိညာဉ်တော်

ဓမ္မဟောင်းကျမ်းတွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ လူတို့နှင့်အတူ ရှိနေ၍၊ ရွေးချယ်ထားသော လူတို့အပေါ်တွင် ကိန်းဝပ်ပြီး အထူးသဖြင့် အမှုတော်ကို အားကြီးစွာ လုပ်ဆောင်စေသည် (တရားသူကြီး ၁၄း၆၊ ၁၅း၁၄၊ ၁ရာ ၁၀း၆-၁၀)။ သန့်ရှင်းသောဝိညာဉ်

တော်သည် ရှောလုမင်းကြီးထံမှ စွန့်ခွာ၍ ဒါဝိဒ်မင်းကြီးထံတွင် ကိန်းအောင်းလေသည်။ (တရား ၁၆း၂၀၊ ၁ ရာ ၁၆း၁၃-၁၄)။

ဒါဝိဒ်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူခဲ့သဖြင့် ဣသရေလလူမျိုးတို့၏ ကြီးမြတ်သော ဘုရင်၊ ပရောဖက်နှင့် ဆာလံဆရာဖြစ်ခဲ့သည်။ သူသည် ဗာသရှေဘနှင့် ပြစ်မှားသော အမှုကြောင့် ဝိညာဉ်တော်သည် သူ့အား စွန့်ခွာမည်ကို အလွန်ပင် ကြောက်ရွံ့မိပါသည်။ သူ၏နောင်တရသောအဖြစ်ကို ဆာလံ ၅၁း၁၁ တွင် မှတ်တမ်းတင်ထားသည်။ သူသည် ထာဝရဘုရားထံတော်သို့ တောင်းလျှောက်သည်မှာ "သန့်ရှင်းသော ဝိညာဉ်တော်ကို ရုပ်သိမ်းတော်မမူပါနှင့်"ဟူ၍ဖြစ်သည်။

## သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးများ

ဒါဝိဒ်မင်းကြီးသည် ကယ်တင်ခြင်းဆိုင်ရာ ဝမ်းမြောက်မှုကို ဆုံးရှုံးခဲ့သည် (ဆာလံ ၅၁း၁၂)၊ ထို့ကြောင့် ပညာရှိသော ဘုရင်တစ်ပါးနှင့် ကောင်းမြတ်သော ဘုရင်တစ်ပါးဖြစ်ရသောအခွင့်၊ တန်ခိုးရှိသော ပရောဖက်နှင့် ထူးချွန်သော ကဗျာဆရာဖြစ်ခွင့်တို့ ဆုံးရှုံးရဖွယ်ရှိနေပါသည်။ ၎င်းတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးများဖြစ်ကြပေသည်။

ယနေ့တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ စစ်မှန်သော သားတို့ကို စွန့်ပစ်မည် မဟုတ်ပါ။ "ဘုရားသခင်ပေးသနားတော်မူခြင်း၊ ခေါ်ထားတော်မူခြင်း ကျေးဇူးသည် ဖောက်ပြန်ခြင်းသဘောမရှိ" (ရော ၁၁း၂၉)။ ထို့အပြင် သခင်ယေရှုခရစ်၏ ကတိတော်ကိုလည်း လက်ဝယ်ပိုင်ဆိုင်ထားပါသည်။ "ငါသည် ခမည်းတော်ကိုတောင်း၍ ခမည်းတော်သည် သမ္မာတရားကိုပြသော ဝိညာဉ်တော်ကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှာ သင်တို့အား ပေးတော်မူမည်" (ယော၁၄း ၁၆)။

ခရစ်ယာန်တိုင်းသည် ဆုကျေးဇူးတစ်စုံတစ်ခုကို ကောင်းကင်သို့ တက်ကြွတော်မူသော သခင်အားဖြင့် (ဧဖက် ၄း၇-၁၆)နှင့် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် (၁ ကော ၁၂း၁-၃၁) ရရှိပြီးဖြစ်သည်။ ထိုကျေးဇူးများကို အသုံးပြုရသောအခွင့်နှင့် ဘုန်းတော်နာမတော်အတွက် အသုံးပြုတတ်ရန် ဆုတောင်းရမည် ဖြစ်သည်။

## ပရောဖက်ပြုခြင်းသည် ယနေ့ခေတ်အတွက် ဟုတ်သေး သလော?

ဘုရားသခင်ပေးထားသော သမ္မာကျမ်းစာကို သေချာစွာ လေ့လာရန် အထူးလိုအပ်သည်။ ခမည်းတော် ဘုရားသခင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို စေလွှတ်သောအခါ အသင်းတော်ဖြစ်တည်လာ၍ (တ ၂း၁-၄)၊ ယေရုရှလင်မြို့၌ တပည့်တော်ပေါင်း အယောက် ၁၂၀ ခန့်ရှိခဲ့သည်။ ရှင်ပေတရု၏ ဟောပြောခြင်းဖြင့် လူပေါင်း ၃၀၀၀ ခန့် ထပ်တိုးလာသည်။ ၎င်းတို့သည် "တမန်တော်များ၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ မုန့်ကိုဖဲ့ခြင်း၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍ နေကြ၏" (တမန်၂း၄၂)။

တမန်တော်များသည် မည်သူနည်း? (တမန်တော်ဆိုသည်မှာ စေလွှတ်ခြင်းခံရသူ ဖြစ်သည်)။ ၎င်းတို့သည် ထူးခြားသော လူစုများဖြစ်ရခြင်းမှာ -

၁။ ဘုရားသခင် ရွေးချယ်သောလူ (မာ ၃း၁၃-၁၄)
၂။ သခင်ယေရှုကို မျက်မြင်ထိတွေ့ခြင်းရှိသူ (၁ ကော ၉း၁)
၃။ သူတို့သည် သခင်ယေရှု၏ သက်သေခံသူ (ယော ၁၅း၂၇)
၄။ အခြေခံအုတ်မြစ်ချထားသူများဖြစ်ခြင်း (ဧ ၂း၂၀)
၅။ သူတို့၏ အမှုတော်လုပ်ငန်းတွင် နိမိတ်လက္ခဏာများဖြင့် သက်သေသူများ (တမန် ၅း၁၂၊ ဟေ ၂း၃-၄)
၆။ သူတို့၏ အမည်နာမများကို ယေရုရှလင်မြို့သစ် အုတ်မြစ် ၁၂ ခု ပေါ်တွင် ရေးမှတ်ခံရခြင်း (ဗျာ ၂၁း၁၄)။

သမ္မာကျမ်းစာသည် သင်းထောက်များကို ရွေးချယ်ခန့်ထားရန် သွန်သင်ခဲ့သော်လည်း တမန်တော်တို့ကို ထပ်ဆင့်ရွေးချယ်ရန် မသွန်သင်ခဲ့ပေ။ ၎င်းတို့သည် အခွင့်အာဏာကို သင်းထောက်လူကြီးများထံ အပ်ပေးခဲ့၍ ယနေ့အချိန်တွင် တမန်တော်များဟူ၍ မရှိတော့ပေ (တ ၁၄း၂၃)။

## တမန်တော်များ၏ယုံကြည်ချက်သည်မည်သည့်အရာနည်း။?

တမန်တော်များသည် ဘုရားသခင် သွန်သင်သောအရာတို့ကိုသာ သွန်သင်နေကြခြင်းဖြစ်ပြီး (တ၁း၁-၃)၊ သူတို့အပေါ် ဘုရားသခင်ဖွင့်ပြသော အရာများကို ပြန်လည်ဝေငှခြင်းဖြစ်သည် (၂ကော ၁၂း၇၊ ဧဖက်၃း၁-၇)။ ၎င်းတို့ကို ဓမ္မသစ်ကျမ်းတွင် မှတ်တမ်းတင်ရေးသားထားပြီး၊ ကျွန်ုပ်တို့လိုက်နာခံယူရန်ဖြစ်သည် (တ၁၆း၄)။ ၎င်းတို့ကို ပုရပိုက်များပေါ်တွင်

ရေးသားထားခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ကိုင်ဆောင်သော ကျမ်းစာများကို ၁၅ရာစုခန့်မှစ၍ ပုံနှိပ်ထုတ်လုပ်ခြင်းဖြစ်သည်။

ဘုရားသခင်သည် ဓမ္မသစ်ကျမ်း ရေးသားပြုစုခြင်းအမှုကို တစတစလမ်းပြပေးခဲ့ပြီး အေဒီ ၅၂ မှ အေဒီ ၉၆ အတွင်း ပြီးစီးခဲ့ကြသည်။ ၎င်းတို့ ကို လက်ရေးစာမူဖြင့် ကနဦးရေးသားထားပြီး အသင်းတော်များသို့ ဖြန့်ဝေခဲ့သည်။ ထိုအချိန်တွင် တမန်တော်များနှင့် ပရောဖက်တို့သည် အသင်းတော်များတွင် သင်ကြားမှုများပြုခဲ့ပြီး၊ သခင်ဘုရား သွန်သင်သော အရာများနှင့် ဖွင့်ပြသောအရာတို့ကို ဟောကြားသွန်သင်ခဲ့လေသည်။

ရှင်ပေါလုသည် တမန်တော်များနှင့်ပရောဖက်များသည် မကြာတော့သည့်အချိန်တွင် မာတုရအဖြစ် သေဆုံးကြ၍ ဘုရားသခင်၏ သစ္စာတရား ဖော်ပြမည့်အကြောင်းကို ပြောကြားရာတွင်၊ "မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။ ပရောဖက်ဉာဏ်သော်လည်းကောင်း၊ အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သော အခွင့်သော်လည်းကောင်း၊ သိပ္ပံအတတ်သော်လည်းကောင်း ကွယ်ပျောက်လိမ့်မည်။ ယခုမူကား ငါတို့သည် မစုံမလင်သိတတ်ကြ၏။ ပရောဖက်ဉာဏ်နှင့် မစုံမလင်ဟောတတ်ကြ၏။ စုံလင်ခြင်းသို့ရောက်သောအခါမူကား မစုံလင်သမျှတို့သည် ကွယ်ပျောက်ကြလိမ့်မည်" (၁ကော၊ ၁၃း၈-၁၀) ဟုဆိုခဲ့သည်။

"စုံလင်ခြင်း"ဟူသည် "ပြည့်စုံခြင်း"ကို ဆိုလိုပြီး၊ ဂရိဘာသာစကားတွင် လူသား၏ စုံလင်ခြင်းကို မဆိုလိုပါ။ သမ္မာကျမ်းစာသည် ပြည့်စုံခြင်းနှင့်စုံလင်ခြင်းရှိသော တစ်ခုတည်းသော အရာဖြစ်သည်။ စကားလုံးစာသားတို့ကို နုတ်ယူခြင်း၊ ထပ်ပေါင်းခြင်းများမပြုရပေ။ (ဗျာ၂၂း၁၈-၁၉)

## ပရောဖက်ပြုခြင်းသည် အဘယ်နည်း? (ဧဖက် ၄း၁၁)

ပရောဖက်ပြုခြင်းသည် -

၁။ ဘုရားသခင်၏ စိတ်တော်ကို မြွက်ဆိုခြင်း၊

၂။ သဘာဝလွန် သိမြင်ရသော အရာတို့ကို ကြွေးကြော်ခြင်း၊

၃။ ဘုရားသခင်၏ စိတ်တော်ကို ဖွင့်ဟပြသခြင်း၊

၄။ အနာဂတ်ကာလ အဖြစ်အပျက်များအတွက် သတိပေးခြင်း။

ဤဆုကျေးဇူးများသည် ယနေ့တွင် ပြီးပြည့်စုံသော သမ္မာကျမ်းစာရှိနေသည့်အတွက် ထပ်၍ မလိုအပ်တော့ပါ။ ပရောဖက်များကို ထပ်မံရွေးချယ်ရမည်ဟူသော သွန်သင်မှု မည်သည့်နေရာတွင်မျှ မတွေ့ရပါ။ "ဉာဏ်ပညာ" သည် တမန်တော်များနှင့် ပရောဖက်များ၏ ယုံကြည်ချက်

တို့ကို ပညာနှင့်အညီ လက်ဆင့်ကမ်းပေးသောအရာဖြစ်သည်။ ထိုဉာဏ်ပညာသည် ယနေ့အချိန်တွင် သမ္မာကျမ်းစာ၌ တွေ့ရပေသည်။

တမန်တော်များနှင့် ပရောဖက်များသည် အသင်းတော်အစပြုချိန်တွင် မပါမဖြစ်ပါဝင်ကြသည် (ဧဖက် ၂း၁၉-၂၀၊ ၁ကော ၃း၁၀-၁၁)။ ၎င်းတို့၏ ကြီးမားသော နိမိတ်လက္ခဏာများ၊ အနာရောဂါငြိမ်းစေခြင်းနှင့် အခြားသော ဘာသာစကားတို့အား ယနေ့တွင် သမ္မာကျမ်းစာက အစားထိုးထားပါသည်။

ဤဆုကျေးဇူးများသည် အသင်းတော်များအတွက် အဓိကလိုအပ်ချက်မဟုတ်ပေ။ ၎င်းတို့သည် ယာယီသဘောများသာဖြစ်ပြီး တမန်တော်များ၏ သတင်းစကားကို လူတို့ယုံကြည်လာစေရန် ဘုရားသခင် အသုံးပြုသောအရာဖြစ်သည်။ ၁ ကော ၁၂ တွင် တွေ့ရပြီး၊ ၁ ကော ၁၃ တွင်လည်း ဆက်လက်ဖော်ပြကာ ၁၄ တွင် တင်းကျပ်ထိန်းချုပ်မှုများဖြင့် တွေ့ရသည်။ ရှင်ပေါလုသည် မှားယွင်းစွာ ကျင့်သုံးလာသော အကျင့်တို့ကို ပြန်လည်တည့်မတ်စေရန်နှင့် ဇာတိပကတိဖြင့် လွှမ်းမိုးနေသော အသင်းတော်ကို သတိပေးထားခြင်းဖြစ်သည်။

ဘုရားသခင်၏ ဆုကျေးဇူးများ အစီအစဉ်တကျရှိမှုကို လေ့လာရမည်ဆိုလျှင်၊ "ဘုရားသခင်သည် ပထမအရာ၌ တမန်တော်တို့ကိုလည်းကောင်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကိုလည်းကောင်း၊ တတိယအရာ၌ ဆရာတို့ကိုလည်းကောင်း၊ ထို့နောက် တန်ခိုးပြသောသူတို့ကိုလည်းကောင်း၊ ထို့နောက် အနာရောဂါကို ငြိမ်းစေနိုင်သော အခွင့်ရှိသောသူတို့ကိုလည်းကောင်း၊ သင်းထောက်တို့ကိုလည်းကောင်း၊ စီရင်အုပ်စိုးသောသတို့ကိုလည်းကောင်း၊ အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်သောသူတို့ကိုလည်းကောင်း၊ အသင်းတော်၌ ခန့်ထားတော်မူ၏။ သင်းဝင်သူရှိသမျှတို့သည် တမန်တော်ဖြစ်ကြသလော။ ရှိသမျှတို့သည် ပရောဖက်ဖြစ်ကြသလော။ ရှိသမျှတို့သည် ဆရာဖြစ်ကြသလော။ ရှိသမျှတို့သည် အနာရောဂါငြိမ်းစေနိုင်သော အခွင့်ရှိကြသလော။ ရှိသမျှတို့သည် အမျိုးမျိုးသော ဘာသာစကားကို ပြောနိုင်ကြသလော။ ရှိသမျှတို့သည် ထိုဘာသာစကား၏ အနက်ကို ဘော်ပြနိုင်သလော။ သင်တို့သည် အမြတ်ဆုံးသော ဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြသည်တွင် သာ၍မြတ်သောလမ်းကို ငါပြဦးမည်" (၁ကော၁၂း၂၈ -၃၁)။ တမန်တော်များနှင့် ပရောဖက်တို့သည် ရှေ့ဆုံးတွင်လာသည်။ အမျိုးမျိုးသော ဘာသာစကားသည် နောက်ဆုံးတွင်လာပြီး၊ ခပ်သိမ်းတို့ သည် အလုံးစုံကို ပိုင်ဆိုင်ခြင်းမရှိခဲ့ပါ။

တစ်စုံတစ်ယောက်က အခြားသောဘာသာစကား မပြောဆိုပါက သူ၌ သန့်ရှင်းသော ဝိညာဉ်တော်မရှိပါဟု သွန်သင်ခြင်းသည် ကြီးစွာသော မှားယွင်းမှုတစ်ခုဖြစ်ပေသည်။

## အခြားသောဘာသာစကားပြောခြင်း ယနေ့တိုင်ရှိသေးသလော?

ပေတရုနှင့် အခြားသော တပည့်တော်များသည် ပင်တေကုတ္တေနေ့တွင် အခြားသော ဘာသာစကားဖြင့် ပြောဆိုကြပြီး၊ လူအများကနားလည်ကြသည်။ (တမန်တော် ၂း၁-၁၂)။ စုဝေးလာသော လူစုတို့သည် အရပ်ရပ်မှ ဖြစ်ကြသဖြင့် အမျိုးမျိုးသော ဘာသာစကားကို ပြောဆိုအသုံးပြုကြ၍၊ ဘုရားသခင်၏အမှုတော်ကြောင့် ၎င်းတို့၏ဘာသာရင်းအတိုင်း နားလည်လက်ခံကြသည်။ ရှင်ပေါလုသည် အားလုံးတို့ထက် ပြောဆိုတတ်ခဲ့သော်လည်း၊ အသင်းတော်အစည်းအဝေးတွင်မူ အသုံးပြုခြင်းမရှိခဲ့ပေ (၁ ကော ၁၄း၁၈-၁၉)။

မည်သည့်အတွက်ကြောင့် ဤဆုကျေးဇူးကို ရရှိသနည်း။ ရှင်ပေါလုသည် သူရောက်ရာနေရာတိုင်းတွင် ဧဝံဂေလိတရားကို ဟောပြောသက်သေခံခွင့်ရရှိခဲ့သည်မဟုတ်လော။ ယနေ့ခေတ်တွင် "အခြားသော ဘာသာစကား"သည် ကနဦးအသင်းတော်အသုံးပြုခဲ့သော ရည်ရွယ်ချက်နှင့်လိုက်လျောညီထွေမှု မရှိပါ။ အခြားသောဘာသာစကားသည် ပရောဖက်ပြုခြင်းနှင့် သိပ္ပံအတတ်တို့နှင့်အတူ ပျောက်ကွယ်သွားကြသည်။ သိပ္ပံအတတ်ဆိုရာတွင် သမ္မာကျမ်းစာကို အမှီပြုခြင်းမရှိဘဲ တမန်တော်များ၏ သွန်သင်ချက်နှင့် ယုံကြည်ချက်တို့ကို အလွတ်ရ၊ ပြောဆိုနိုင်စွမ်းရှိခြင်းကို ဆိုလိုပေသည် (၁ကော ၁၃း၈)။ ယနေ့အချိန်တွင် သာသနာပြုအားလုံးတို့သည် မိမိတို့ရောက်ရှိနေသော ဒေသအသီးသီး၏ ဘာသာစကားကိုလေ့လာရန် အထူးလိုအပ်သည်။ ထိုသို့မဟုတ်ပါက ၎င်းတို့၏ သတင်းစကားသည် အချည်းနှီးသက်သက်သာဖြစ်ပါလိမ့်မည်။

အမျိုးမျိုးသော ဘာသာစကားသည် တမန်တော်များ၏ ခေတ် (အေဒီ ၉၆)နှင့်အတူ ကုန်ဆုံးသွားခဲ့ပါသည်။ ဂျွန်ခရစ်ဆိုစတွမ် (John Chrysostom) က သူ၏စာတွင် "ထိုကာလတွင် အသုံးပြုခဲ့သော အရာမှန်သမျှတို့သည် ကုန်ဆုံးသော အချိန်ရောက်ရှိခဲ့ပြီး ယနေ့အချိန်တွင် မည်သို့မျှ မသိနိုင်ပါ"ဟုရေးသားသည်။ သူက ၎င်းတို့သည် ကာလရှည်ကြာစွာ ပျောက်ဆုံးခဲ့လေပြီ" (ဟူမီလီ ၄)ဟုဆိုသည်။ ယနေ့ခေတ်

(Charismatic) လှုပ်ရှားမှုတွင် ၎င်းတို့၏ အစပြုချိန်ကို ၁၉၀၀ အစောပိုင်းဟု သတ်မှတ်ခဲ့ကြပြီး၊ အထက်က ဆုကျေးဇူးများကို ပြန်လည်သစ်ဆန်းစေခဲ့သည်ဟု ဆိုကြသည်။

အချို့သော သွန်သင်ချက်တို့တွင် အခြားသော ဘာသာစကား ကျေးဇူးကို ရရှိနိုင်ရန်အတွက် ဘုရားသခင်ကို အချင်းချင်းပင် နားမလည်နိုင်သောစကားများဖြင့် ချီးမွမ်းအစပြုရသည်ဟုဆိုသည်။ ထို့နောက်တွင် မိမိမသိသောစကားဖြင့် မြွက်ဆိုရမည်ဟုဆိုကြသည်။ ထိုနည်း အားဖြင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ကြွလာ၍ ဗတ္တိဇံမင်္ဂလာကို ပေးမည်ဟု ယုံကြည်ကြသည်။ အချို့တို့သည် ကြမ်းပြင်တွင် လူးလိမ့်ကြပြီး၊ အော်ဟစ်ငိုကြွေးကြသည်။ သမ္မာကျမ်းစာတွင်မူ ထိုသို့သောအရာများကို ဖော်ပြခြင်း မရှိဘဲ စာတန်၏ လိမ်လှည်လှည့်ဖြားမှုသာဖြစ်ကြောင်း သတိပြုရမည်။ ထိုအစည်းအဝေးများတွင် အမျိုးသမီးများပါဝင်ကြပြီး သမ္မာကျမ်းစာတွင်မူ "သင်တို့၏ မိန်းမတို့သည် အသင်းတော်၌ တိတ်ဆိတ်စွာ နေကြစေ" (၁ကော ၁၄း၃၄)ဟုဆိုသည်။ ရှေးအတိတ်ကာလမှစ၍ အမျိုးသမီးများသည် ဘာသာရေးပွဲလမ်းများတွင် အမျိုးမျိုးသောစကားကို ပြောဆိုတတ်သော အလေ့အကျင့်များရှိခဲ့သည်။

သမ္မာကျမ်းစာတွင် "မိမိကိုယ်ကို ထိန်းချုပ်ခြင်း"သည် ဝိညာဉ်တော်၏ အသီးအပွင့်ဖြစ်သည်ဟုဆိုသည် (ဂ ၅း၂၃)။ "ပရောဖက်တို့သည်လည်း မိမိတို့ စိတ်ဝိညာဉ်ကို ချုပ်တည်းနိုင်ကြ၏။ ဘုရားသခင်သည် ရုန်းရင်းခတ်သော အမှုကိုပြုစုတော်မမူ။ သန့်ရှင်းသူတို့၏ အသင်းတော်အပေါင်းတို့၌ ဖြစ်သကဲ့သို့ အသင့်အတင့် ငြိမ်ဝပ်ခြင်းကို ပြုစုတော်မူ၏။" (၁ကော၁၄း၃၂-၃၃)။ စကားကို ဗလုံးဗထွေးပြောဆိုခြင်း၊ အော်ဟစ်ခြင်းနှင့် လူတို့အား ရှုပ်ထွေးစေသောအမှုတို့ကို ရှောင်ရှားသင့်ပါသည်။ နတ်ဆိုးစွဲသော ဗာလပရောဖက်တို့သည် ထိုသို့ပြုကြပြီး၊ ဧလိယမူကား တိတ်ဆိတ်ငြိမ်သက်စွာ ဆုတောင်းနေပါသည် (၃ရာ ၁၈း၂၀-၄၀)။ ဘုရားသခင်၏ "ဖြည်းညှင်းသောအသံ"ကို ကြီးစွာသောလေထု၊ မြေကြီးတုန်လှုပ်မှု သို့မဟုတ် မီးထဲတွင်မကြားရပေ (၃ရာ ၁၉း၁၁-၁၂)။ ဆုတောင်းရာတွင် အေးချမ်းငြိမ်သက်စွာ၊ ရိုသေလေးမြတ်ခြင်း စိတ်ရင်းအမှန်ဖြင့် ပြုပါက ဘုရားသခင်သည် နားညောင်းနေမည်သာဖြစ်သည်။

## အနာရောဂါငြိမ်းခြင်းဟူသည် မည်သို့နည်း?

ရှင်ပေတရုနှင့် ရှင်ပေါလုတို့သည် လူများ၏အနာကိုငြိမ်းစေခဲ့သော်လည်း နေရာတိုင်းမဟုတ်ပါ။ "တရောဖိမ်သည် နာ၍ မိလက်မြို့၌ ငါထားခဲ့၏။" (၂ တိ ၄း၂၀)။ တိမောသေထံသို့ စာရေးရာတွင် "သင်၏ ရင်ထဲ၌ အကျိုးဖြစ်စေခြင်းငှာ မကြာမကြာခံရသော ရောဂါကြောင့် ယခုမှစ၍ ရေကိုသာ မသောက်ဘဲ စပျစ်ရည်အနည်းငယ်ကိုသုံးလော့" (၁တိ၅း၂၃)။ အဘယ့်ကြောင့် ထိုရောဂါတို့ကို မပျောက်စေခဲ့သနည်း။ ရှင်ပေါလုတွင် အနာရောဂါငြိမ်းစေနိုင်သော ဆုကျေးဇူးရှိသည်။ ဘုရားသခင်သည် ထိုအမှုတို့ကို တတ်စွမ်းနိုင်သော ဘုရားဖြစ်သည်။ သို့သော်ဘုရားသခင်ကို အတင်းအကျပ်မလုပ်ဆောင်စေခဲ့ဘဲ သူ၏ အလိုတော်အတိုင်းသာ ဖြစ်လာခြင်းဖြစ်သည်။

ယနေ့တွင် ကျွန်ုပ်တို့သည် တမန်တော်များ၊ ပရောဖက်များ သို့မဟုတ် အခြားသောဘာသာစကား ဆုကျေးဇူး၊ ပရောဖက်ပြုခြင်းနှင့် အနာရောဂါငြိမ်းခြင်းတို့ကို မတွေ့ရတော့ပေ။ သို့ပါသော်လည်း အံ့သြဖွယ်ရာ နိမိတ်လက္ခဏာများသည် ယနေ့အချိန်တွင် ရှိနေပြီး ဘုရားသခင်ထံ တောင်းလျှောက်သော အရာများရရှိခြင်းနှင့် ဘုရားကိုကျေနပ်စေခြင်းအားဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့သည် ကောင်းစွာသိကြသည်။

တစ်စုံတစ်ယောက်သည် ကျန်းမာစေခြင်း ဆုကျေးဇူးရှိခဲ့ပါက၊ ဆေးရုံများတွင် လူနာမရှိတော့ဘဲ သေသောသူတို့ ပြန်ရှင်လာကြလိမ့်မည်။ သခင်ယေရှု ဤလောကတွင်ရှိနေစဉ်တွင်ပင် သူ့ထံသို့လာသော လူတို့အား ကျန်းမာစေခဲ့ပြီး သေခြင်းမှ လူသုံးဦးတို့ကို ပြန်ရှင်စေခဲ့သည်။ လူတို့ သည် ထိုအမှုအရာအတွက် အလွန်ပင် ဝမ်းမြောက်ခဲ့ကြသည်။ ထိုနည်းတူ တမန်တော်များသည် ပြုကြ၍ အချိန်တိုင်း ပြုကြသည်မဟုတ်ပါ။

## နိဂုံး

ဤသို့ ဆုကျေးဇူးများအကြောင်း ဆွေးနွေးရာတွင် ရှင်ပေါလုက "သင်တို့သည် အမြတ်ဆုံးသော ဆုကျေးဇူးတော်တို့ကို အလွန်အလိုရှိကြသည်တွင် သာ၍မြတ်သော လမ်းကို ငါပြဦးမည်" (၁ကော ၁၂း၃၁)။ သူသည် ကျွန်ုပ်တို့အား "ချစ်ခြင်းမေတ္တာကို မှီအောင်လိုက်ကြရန်"နှင့် "ပရောဖက်ပြုရသောအခွင့်ကိုသာ၍လိုချင်သောစိတ်ရှိရန်" တိုက်တွန်းသည်။ ထိုသို့ဖြစ်ရခြင်းမှာ "တည်ဆောက်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ သက်

သာခြင်း အလို့ငှာ လူတို့အား ဟောပြော၏" (၁ကော ၁၄း၁-၃)ဟုဆိုသည်။

ချစ်ခြင်းမေတ္တာသည် အဓိကအကျဆုံးသော အရာဖြစ်ပြီး ထိုချစ်ခြင်းမေတ္တာသည် လူတို့ကို စုစည်းစေသည်။ ထိုဆုကျေးဇူးများအပေါ် ငြင်းခုံခြင်းအားဖြင့် တမန်တော်များနှင့် တပည့်တော်များအကြားတွင် မညီညွတ်မှုများဖြစ်စေ၍ အသင်းတော်ကို ကွဲပြားစေခဲ့သည်။ ယနေ့တွင် ဆရာတို့သည် ပရောဖက်အရာကို ဆက်ခံကြပြီး၊ ၎င်း၏ သွန်သင်မှုများသည် -

၁။ "တည်ဆောက်ခြင်း" ယုံကြည်သူများအား သန့်ရှင်းသော ယုံကြည်ခြင်း၌ တည်နေစေရန် ဖြစ်သည်။

၂။ "တိုက်တွန်းသွေးဆောင်ခြင်း" ယုံကြည်သူများအား နာခံခြင်း အသက်တာနှင့် အသက်ရှင်နိုင်ရန်ဖြစ်သည်။

၃။ "သက်သာစေခြင်း" နာကျင်နေသော ဝိညာဉ်များနှင့် ကျိုးပဲ့သော နှလုံးသားများအား ကုစားရန်ဖြစ်သည်။

**ထို့ကြောင့် သဘာဝလွန်အချင်းအရာတို့၏ လှည့်ဖျားတတ်သော စိတ်ခံစားမှုကို မလိုက်လျှောက်မိဖို့ရန် မိမိတို့သည် အလွန်သတိထားရပါမည်။ ခရစ်ယာန်အသက်တာ၌ လူသားအားလုံးအပေါ်မေတ္တာပြု လျက် ပြုစုပျိုးထောင်ပြီး ထူးခြားစွာ အသက်ရှင်ရန် ဆက်ကပ်နေရမည်သာဖြစ်သည်။**